မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၈၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ညီလာခံခေတ္တရပ်နားပြီး ဌာနေပြန်ကြမည့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ရန်ကုန် မေ ၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၅နာရီတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ ဌာနေမိသားစုများထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပသည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

● "ယခုအခါတပ်မတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကို ပြည်သူတို့၏ ထောက်ခံ အားပေးမှုဖြင့် ကျင်းပလျက်ရှိသည်မှာ အရှိန်အဟုန်ရရှိနေပြီဖြစ်သည်။"

ခေါင်းကြီး (စာ-၂)

● "သံတောင် တောင်စခန်းမြို့ဆိုတာ မြန်မာနိုင်ငံမှာ ပထမဆုံးဖွင့်လှစ်ခဲ့တဲ့ တောင်စခန်းမြို့ပဲပေါ့။ ပြင်ဦးလွင်တို့၊ ကလောတို့ဆိုတာ နောက်မှဖွင့်ခဲ့တာ။ ရာသီဥတုအနေနဲ့လဲ ရန်ကုန်တို့ တောင်ငူတို့မှာ ဘယ်လောက်ပဲ ပူပြင်းနေပါစေ၊ သံတောင်ကြီးဘက် တက်လာတာနဲ့ တဖြည်းဖြည်း အေးမြလာပြီး ညဘက်ဆိုရင် အနွေးထည်ဝတ်ထားရလောက်အောင် အေးမြတယ်။ မြန်မာပြည်အောက်ပိုင်းက အပူရှောင်လိုသူတွေအတွက် အသင့်တော်ဆုံးနေရာတစ်ခုပေါ့"

မောင်ဘဖေ(ဥသာ)၏ ဆောင်းပါး (စာ-၁၀၊၁၁)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ခေတ္တရပ်နားသဖြင့် မိမိတို့၏ ဌာနေနှင့် မိသားစုများထံ ပြန်ကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

2-4 (01).p65 1 3/24/05, 9:14 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂ ရက်)

မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းတည် အမျိုးသားညီလာခံအောင်မြင်ရေး ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်လျက် ရှိသည်။

ယင်းသို့တည်ဆောက်ရာတွင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်စည်းတည်းက တည်ဆောက်နေခြင်း မဟုတ်ဘဲ တိုင်းရင်းသားလူမျိုး တစ်ရာကျော်၊ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အမျိုးသားနိုင်ငံရေးအင်အားစုများ၊ တပ်မတော်၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျေးလက်နှင့်မြို့ပြစသည့် ပြည်ထောင်စုတစ်ဝန်းလုံးကို ကိုယ်စားပြုသော မြန်မာနိုင်ငံသူ၊ နိုင်ငံသား ၅၄သန်းကျော်တို့ စုစည်းညီညွတ်စွာ လက်တွဲတည်ဆောက်နေကြခြင်း ဖြစ်သည်။

ယခုအခါ တပ်မတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကို ပြည်သူတို့၏ ထောက်ခံအားပေးမှုဖြင့် ကျင်းပလျက်ရှိသည်မှာ အရှိန်အဟုန်ရရှိနေပြီ ဖြစ်သည်။

ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် အစုအဖွဲ့အသီးသီးတို့မှ ညီလာခံကိုယ်စားလှယ်များအနေဖြင့် စည်းကမ်းရှိရှိ၊ တာဝန်သိသိ တက်ညီလက်ညီ ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသဖြင့် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရမည့်ကိစ္စများကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်နိုင်ခဲ့ကြရာ ယခုဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အခြေခံရမည့် အသေးစိတ်အခြေခံမူများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ကြပြီး ဖြစ်သည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ၏ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး အမြော်အမြင်ကြီးမားစွာဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပါသည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံမူများကို အတည်ပြု ချမှတ်နိုင်ခဲ့သည့်အပြင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အကြံပြုချက်စာတမ်းများကိုလည်း စုံညီအစည်းအဝေး၌ ဆွေးနွေးတင်ပြနိုင်ခဲ့ကြပြီး ဖြစ်ပေသည်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့ကစတင်ပြီး ကျင်းပလာခဲ့သည့် အမျိုးသားညီလာခံ အစည်းအဝေးကြီးသည် နှစ်လနီးပါးခန့်ကြာမြင့်ခဲ့သည်။ ကျင်းပခဲ့သည့် ကာလအတွင်းတွင် ကိုယ်စားလှယ်ကြီးများအနေဖြင့် တာဝန်သိသိ တက်ညီလက်ညီ ကြိုးပမ်းပါဝင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် လုပ်ငန်းများ မျှော်မှန်းသည်ထက်ပို၍ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ်လ၃၁ရက်နေ့တွင် ခေတ္တရပ်နားကာ ယခုနှစ်မကုန်မီ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန်၌ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းကဲ့သို့ အမျိုးသားညီလာခံကြီးကို တစ်ပိုင်းပြီးတစ်ပိုင်း အောင်အောင်မြင်မြင် ကျင်းပသွားနိုင်သည်နှင့်အမျှ ပြည်သူများ လိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်သည်လည်း ပို၍ပို၍ နီးကပ်လာပြီ ဖြစ်သည်။

နိုင်ငံတော်အတွက် ယင်းကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ ကြိုးပမ်း ဆောင်ရွက်ချက်များသည် အပြုသဘောဆောင်သည့် သမိုင်းတွင်ရစ်မည့် လုပ်ဆောင်ချက်များပင် ဖြစ်သည်။ ယင်းလုပ်ဆောင်ချက်များကို ဂုဏ်ယူဝမ်းမြောက် ကူညီရမည့်အစား မလိုမုန်းထားစိတ်ဖြင့် နှောင့်ယှက် ဟန့်တားလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ၅၄သန်းကျော်သော ပြည်သူများက ဝိုင်းဝန်းဖယ်ရှားသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ရှေ့ဆက်၍ဆောင်ရွက်သွားမည့် အမျိုးသားညီလာခံကြီးတွင်လည်း တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများနှင့် လက်တွဲ၍ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာဆောင်ရွက်ပြီးစီးမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂-၄-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာသကြီန်
- ၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၈။ ဆရာတော် ဦးဃောသိတ တရားတော် **“ဓမ္မာနုပဿနာ သတိပဋ္ဌာန်”**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မြန်မာသကြီန်
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Definations of the Management Science. (ဒုတိယနှစ်-စီးပွားစီမံ)
- ၅:၂၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၃၀ ၁၀။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အမြွာနဲ့ ကြမ္မာ”**(အပိုင်း-၇)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ English Premier League ဘောလုံးပွဲ Southampton Vs Chelsea

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အဝိဋ္ဌာန်

“နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မျိုးချစ်မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ်အန္တရာယ် မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲ ချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက် ချီတက်မည်ဟု အဓိဋ္ဌာန်ပြုပါ၏။”

ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) တည်ဆောက်ရေးစီမံကိန်း တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် စစ်ဆေး၊ စံချိန်စံညွှန်းမီဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဧပြီ ၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ်၂၈ရက် မွန်းလွဲပိုင်းက ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ တာဝါတိုင်တည်ဆောက်နေမှုနှင့် ကြိုးထိန်းခုံ တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်း ရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဒေါ်စီသန်းက တံတားတည်ဆောက်ရေးနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြ၍ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က ဖြည့်စွက်တင်ပြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် မြောင်းမြခရိုင်ဥက္ကဋ္ဌက မြင်းကဆိပ်-မြောင်းမြကားလမ်း တစ်လျှောက် ပြုပြင်ဆောင်ရွက်လျက် ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလ အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတားသည် ပုသိမ်မြို့နှင့် မြောင်းမြမြို့ကို ဆက်သွယ်ထားသော ကားလမ်းတွင် တည်ရှိကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၅)မှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ ပင်မတံတားအရှည် ပေ၅၄၀၊ ချဉ်းကပ်တံတား ပုသိမ်ဘက်ကမ်း ပေ၃၆၀၊ မြောင်းမြဘက်ကမ်း ပေ၃၆၀ စုစုပေါင်းအရှည်ပေ ၁၂၆၀ရှိကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြောင်းမြ-လပွတ္တာ ကားလမ်းအတိုင်း မြောင်းမြမြို့နယ် ဝါးကြိတ်လိန်ကျေးရွာသို့ သွားရောက်၍ ဒေသခံခြံလုပ်ငန်းရှင် ဒေါ်နုနုရီ၏ တစ်ပိုင်တစ်နိုင် ရော်ဘာဧက၅၀စိုက်ခင်း၌ ရှစ်နှစ်သား ရော်ဘာပင်များမှ ရော်ဘာစေးများထုတ်လုပ်ထားရှိမှု၊ ရော်ဘာပင်များ ရှင်သန်ဖြစ်ထွန်းမှု၊ ရော်ဘာပြားများ ထုတ်လုပ်နေမှုနှင့် ကြားသီးနှံ နာနတ်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်ဝင်းနှင့် ခြံပိုင်ရှင် ဒေါ်နုနုရီတို့က ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးကလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါ ရော်ဘာခြံတစ်ဧကလျှင်အပင်၂၀၀ စိုက်ပျိုးထားရှိပြီး တစ်ဧကတွင်အစေးခြစ်နိုင်သည့်အပင် ၁၅၀မှ တစ်ဧက ထွက်နှုန်းပေါင် ၈၀၀အထိရရှိနိုင်သည့် RRIM ၆၀၀မျိုး ဧက ၅၀စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် သိလ္လာကျေးရွာမှ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိသော ကျေးရွာသုံး ရေအားလျှပ်စစ် ထုတ်ယူနိုင်ရန်အတွက် တမံပိတ် လုပ်ငန်း ဆောင်ရွက်မည့်နေရာသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကိုယ့်အားကိုယ်ကိုး

အဆိုပါကျေးရွာသုံး ရေအားလျှပ်စစ် ထုတ်ယူနိုင်ရန်အတွက် မိုးအခါ တောင်ကျချောင်းလေးခုမှ စီးဆင်းလာသော ရေများကို တမံပိတ်သိုလှောင်၍ ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၁

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ မတ် ၂၉ရက်မှ ၃၁ရက်အထိ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ အာရှလုံခြုံရေး ၂၀၀၅ပြပွဲနှင့် ညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Low Mun Hong၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနမှ ဌာနမှူး ရဲမှူးကြီးစစ်အေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဗိုလ်မှူးအောင်ဆွေညွှန့်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

၂၀၀၅ခုနှစ် မတ်လ မြန်မာ့အသံရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများ အတွက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။

ဆုများပေးအပ်

ဖြေဆိုသူများအနက် ပထမဆုကို မဆုမြတ်သွေး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယဆုကို မနီနီဆွေ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်း၊ တတိယဆုကို မပန်းပပလှိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ နှစ်သိမ့်ဆုကို မအေးအေးဝင်း ဟဲကယ်ကျေးရွာ ရွှေညောင်မြို့ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့က အသီးသီးရရှိကြပြီး ဆုများကို တာဝန်ရှိသူက ပေးအပ်သည်။

ထုတ်လွှင့်လျက်ရှိ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရေဒီယိုမှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အကြောင်း သိကောင်းစရာများကို အပတ်စဉ် စနေနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင်ထုတ်လွှင့်လျက်ရှိသည်။

ချီးမြှင့်မည်

လစဉ် ပြုလုပ်လျက်ရှိသော ASEAN Radio Quiz ပြိုင်ပွဲများမှ ဧပြီလအတွက် ပြိုင်ပွဲကို မေ ၃ရက် နံနက် ၁၀ နာရီတွင်ပြုလုပ်မည်ဖြစ်ရာ ဖြေဆိုလိုသူများသည် ယင်းနေ့ နံနက် ၉ နာရီခွဲအရောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။ စိတ်ပါဝင်စားသူမည်သူမဆို ပညာအရည်အချင်း၊ အသက်အရွယ် ကန့်သတ်ချက်မရှိ ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် ထိုက်တန်သော ဆုကြေးနှင့်စရိတ် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ ပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူ တို့အား ဖွင့်လှစ်ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများ၊ ရဟန်းရှင်လူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ပြိုင်ပွဲပြပွဲကို ဧပြီ ၄ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင်တက္ကသိုလ် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများ အစီအစဉ်ကြေညာ

ရန်ကုန် ဧပြီ ၁

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် စတုတ္ထနှစ် ဥပဒေအထူးပြု အနီးကပ်ပို့ချသင်တန်းများကို ဧပြီ၂ရက်မှ ၃၀ရက်အထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို မေ ၄ရက်မှ ၁၀ရက်အထိ လည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော စတုတ္ထနှစ် ဥပဒေအထူးပြုကျောင်းသားများသည် ဒဂုံတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော စတုတ္ထနှစ် ဥပဒေအထူးပြုကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြပြီး စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် စတုတ္ထနှစ် ဥပဒေအထူးပြုကျောင်းသားများသည် မိမိတို့နှင့်သက်ဆိုင်သော တက္ကသိုလ်များ၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံရှိ ရိုးရာလက်မှုပစ္စည်း အလုပ်ရုံဆွေးနွေးပွဲနှင့် ပြပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၁

အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံရှိ ရိုးရာလက်မှုပစ္စည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြပွဲများကို ၂၀၀၅ခုနှစ်အတွင်း မြန်မာနိုင်ငံက လက်ခံကျင်းပဆောင်ရွက်မည့်အစီအစဉ်နှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့်(မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ သမဝါယမဦးစီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံး(ဗဟို)မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုတင်စီစဉ်

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အဖွင့်အမှာစကားပြောကြားရာ၌ အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံရှိ ရိုးရာလက်မှုပစ္စည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြပွဲများကို ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံကလက်ခံကျင်းပဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဘက်မှ ဆပ်ကော်မတီများ ကြိုတင်ဖွဲ့စည်းထားရှိရေး၊ ပြပွဲတွင် မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးတို့အတွက် လုပ်ငန်းများ ကြိုတင်စီစဉ် ဆောင်ရွက်ထားရေးတို့ကို မှာကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ဆပ်ကော်မတီ ဖွဲ့စည်းရာတွင်ပါဝင်ဆောင်ရွက်ရမည့် အခြေအနေ၊ ခင်းကျင်းပြသသင့်သည့် မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းများ၏ အခြေအနေတို့ကို တင်ပြဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ ရဟန်းရှင်လူပြည်သူများ ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ယနေ့ဆက်လက်ဖွင့်လှစ်ပြသသည်။

အထူးပြခန်းတစ်ခုဖြစ်သည့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း၌ နေ့စဉ်မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအတွင်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ယနေ့ပြပွဲသို့ နိုင်ငံခြားသားများအပါအဝင် ရဟန်းရှင်လူပြည်သူလူထု ၁၀၀၀ ခန့် လာရောက်ကြည့်ရှုလေ့လာကြသည်။ ပြပွဲကို ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ပြသထားမည် ဖြစ်သည်။ **(သတင်းစဉ်)**

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇:၀၀ နာရီမှ ၁၈:၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈:၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

တားမြစ်

အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ဟွန်းမတီးရ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီစေနိုင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီတိုးချဲ့ရန်လိုအပ်

အစ္စလမ္မာဘတ် ဧပြီ ၁

ကုလသမဂ္ဂက သတ်မှတ်ထားသော ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ပြည့်မြောက်စေရာတွင် ဖွံ့ဖြိုးပြီးကမ္ဘာသည် ကတိကဝတ် ပြုထားသော အထောက်အကူပေးမှုကို တိုးချဲ့သွားရန် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ဗုဒ္ဓဟူးနေ့၌ တိုက်တွန်းလိုက်သည်။

ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ဖွံ့ဖြိုးဆဲနိုင်ငံများက ပြည့်မြောက်အောင် ဖြည့်စွမ်းနိုင်ရေးအတွက် အကူအညီပေးရန် ဖွံ့ဖြိုးပြီးကမ္ဘာသည် ယင်း၏စုစုပေါင်း ပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)၏ သုည ဒသမ၇ရာခိုင်နှုန်းကို အကူအညီပေးရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ရည်မှန်းချက်သည် ရာစုနှစ်များစွာ ကြာသွားမည်ဖြစ်ကြောင်း အစ္စလမ္မာဘတ်၌ကျင်းပသည့် ထောင်စုနှစ်ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာညီကာခံ၌ သမ္မတမူရှာရက်ဖ်က ပြောကြားသည်။ အကယ်၍ အများအပြားလိုအပ်သည့် ဖွံ့ဖြိုးရေးအကူအညီသည် ဖြစ်ပေါ်မလာလျှင် ပိုမိုကျယ်ပြန့်လာသော ဆင်းရဲနွမ်းပါးမှု သမုဒ္ဒရာတွင်းဝယ် ဖွံ့ဖြိုးဆဲနိုင်ငံများသည် တစ်နေ့၌ စုန်းစုန်းမြုပ်ကြရမည် ဖြစ်သည်ဟု မူရှာရက်ဖ်က ပြောကြားသည်။ အကယ်၍ ထောင်စုနှစ်ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မည်ဆိုလျှင် ကမ္ဘာကြီးသည် ပိုမိုကောင်းမွန်သော နေချင်စရာဖြစ်နိုင်သည်ဟု ၎င်းက ပြောကြားသည်။

လိုက်နာဆောင်ရွက်

ထောင်စုနှစ်ရည်မှန်းချက်များသည် လွန်လွန်ကဲကဲ ဆင်းရဲနွမ်းပါးမှု လျော့ကျရေးအတွက် ကမ္ဘာ့အတိုင်းအတာဖြင့် ကြိုးပမ်းကြရန်၊ ကမ္ဘာတစ်လွှား၌ အခြေခံပညာရေးကို တိုးမြှင့်ရန်၊ ပိုမိုကောင်းမွန်သော ကျန်းမာရေးအထောက်အကူများတိုးမြှင့်ရန်အပြင် ၂၀၁၅ခုနှစ်၌ အမျိုးသမီးများ၏ စွမ်းအားကို မြှင့်တင်ရန်တို့ ဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် အဆိုပါ ရည်မှန်းချက်များကို လက်မှတ်ရေးထိုးထားသည်။ ပါကစ္စတန်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်းနှင့် အောက်ခြေလူတန်းစားအဆင့် အလုပ်အကိုင်များ ပိုမိုရရှိစေခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေး မဟာဗျူဟာကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း မူရှာရက်ဖ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် ပါကစ္စတန်ကျောင်းသူများ ငွေလှူဒါန်း

နယူးဒေလီ မတ် ၃၀

ပါကစ္စတန်ကျောင်းသူအဖွဲ့တစ်ဖွဲ့က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအထိမ်း အမှတ်အဖြစ် ဆူနာမီ ဒဏ်ခံရသော အိန္ဒိယပြည်သူများအတွက် အမေရိကန် ဒေါ်လာ ၁၀၀၀ကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းထံသို့ တနင်္လာနေ့က ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကျောင်းသူများသည် ပါကစ္စတန်နိုင်ငံလာဟိုးမြို့ရှိ လူ့စွမ်းအား အရင်းအမြစ် သိပ္ပံကျောင်းမှကျောင်းသူများဖြစ်ကြပြီး ယင်းတို့အနေဖြင့် ပေါင်မုန့်ရောင်းချခြင်းနှင့် ရှူးဖိနပ် တိုက်ခြင်းများမှ ရရှိသော ငွေကြေးများကို လှူဒါန်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

ခံစားရ

ကျောင်းသူနှင့်ဆရာမများ ၁၆ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယဝန်ကြီးချုပ်က ပြောကြားရာတွင် မိမိအနေဖြင့် နက်နဲစွာခံစားရပါကြောင်း၊ နွေးထွေးသောတုံ့ပြန်မှုများကြောင့် လိုက်လှဲဝမ်းမြောက်မှုဖြစ်ရပါကြောင်း ပြောကြားခဲ့သည်ဟု တရားဝင်သတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ပီတီအိုင်

နိုင်ငံတကာ သတင်းများ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မော်တော်ယာဉ်စက်ရုံ တစ်ရုံ၌ အလုပ်သမားများ လုပ်ငန်းခွင် ဝင်နေကြသည်ကို မတ် ၃၀ ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

အီရတ်၌တာဝန်ထမ်းဆောင်ရန်ငြင်းဆန်သည့် တပ်ဖွဲ့ဝင်တစ်ဦးအား ထောင်ဒဏ်ကျခံရန် ကန်စစ်ဘက်တရားရုံးက ပြစ်ဒဏ်ချမှတ်

ဒမ်းစတတ်(ဂျာမနီ) မတ် ၃၀

အီရတ်သို့ တစ်နှစ်ကြာ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် တာဝန်များထမ်းဆောင်ရန် ငြင်းဆန်ခဲ့သည့်အတွက် အမိန့်မနာခံမှုဖြင့် အသက်(၂၃)နှစ်ရှိစက်ပြင်ဆရာတပ်ဖွဲ့ဝင်တစ်ဦးကို အမေရိကန်စစ်ဘက်တရားရုံးတစ်ရုံးက ပြစ်ဒဏ် စီရင်ချက်ချမှတ်လိုက်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

၂၀၀၄ခုနှစ် မေလ၌ ဂျာမနီသို့ ပြန်ရောက်လာခဲ့သော စက်ပြင်ဆရာ ဘလိုက်လီမ္ဗိုင်ဒေးက ၎င်းသည် ဘာသာရေးယုံကြည်ချက်ကြောင့် စစ်တပ်မှထွက်ရန် ဆန္ဒရှိသည်ဟု ပြောဆိုခဲ့သည်။

ပြောကြား

စစ်ဘက်အထူးခုံရုံးက လီမ္ဗိုင်ဒေးအား ထောင်ခုနစ်လကျခံစေရန်နှင့် ရိုးရိုးအရပ်သားအဖြစ် ရာထူးချရန်အပြင် ၎င်းအား ဆိုးရွားသည့် အပြုအမူရှိသူ အဖြစ် တပ်မှထွက်ရန်အမိန့်ချမှတ်လိုက်ကြောင်း၊ ထောက်ပံ့ကွပ်ကဲရေးတပ်ဖွဲ့ (၃)မှ ဒုတိယပြည်သူ့ရေးရာ ပြောရေးဆိုခွင့်ရှိသူ ဘရူစ်အင်ဒါဆန်က ပြောကြားသည်။

စွဲချက်တင်

အီရတ်သို့ ကျူးကျော်ဝင်ရောက်မှုကို ပြစ်တင်ရှုတ်ချခဲ့သော လီမ္ဗိုင်ဒေး သည် ဖရန့်ဖတ်မြို့ တောင်ဘက် ဒမ်းစတတ်ရှိ အခြေစိုက်စခန်း၌ ဇန်နဝါရီလ ၁၀ရက်နှင့် ဖေဖော်ဝါရီလ ၁၅ ရက်အတွင်း တပ်မှူးများ၏ အမိန့်ကို နာခံရန် ထပ်ခါတလဲ ငြင်းဆိုခဲ့သဖြင့် စွဲချက်တင်ခြင်းခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိပ် အရပ်တွင် နေအိမ်တစ်အိမ်အား ဝင်ရောက် ရှာဖွေစစ်ဆေးနေသော အမေရိကန် တပ်ဖွဲ့ဝင်များကို မတ် ၃၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လျှော်အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ကြရန် အင်ဒိုနီးရှားသမ္မတက အဖွဲ့အစည်းများအားတိုက်တွန်း

နီအယ်စ်ကျွန်း (အင်ဒိုနီးရှား) ဧပြီ ၁

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်းဘန်းယူဒိုယိုနိုသည် ငလျင်လှုပ်ခဲ့သည့် နီအယ်စ်ကျွန်းသို့ ကြာသပတေးနေ့က သွားရောက်ကာ အရေးပေါ် ကယ်ဆယ်ရေးကြိုးပမ်းအားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအား တိုက်တွန်းခဲ့သည်။

လုပ်သားများအတွက်လုပ်သားချင်းစာနာသည့် လုပ်ရှားမှုများကို စုပေါင်းလုပ်ဆောင်သွားကြပါစို့ဟု သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် သမ္မတ ဆူစီလိုက တိုက်တွန်းပြောကြားခဲ့သည်။

အင်ဒိုနီးရှား အစိုးရသည် မတ်လ ၂၈ရက်၌ လှုပ်ခဲ့သော ငလျင်ဒဏ်ကို ခံရသူများအတွက်ထောက်ပံ့ရေးပစ္စည်းများကို ပေးပို့ခဲ့သော်လည်း လေဆိပ်နှင့် လမ်းများပျက်စီးခဲ့မှုကြောင့် အကူအညီပစ္စည်းများ ဖြန့်ဖြူးရန် အခက်ရှိခဲ့သည်။ သုံးလတာ ကာလအတွင်း လူပေါင်း ၂၀၀၀၀၀ ကျော်သေဆုံးခဲ့ရသည့် ဘေးအန္တရာယ်ကြီးနှစ်ခု ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ဘေးအန္တရာယ် ကယ်ဆယ်ရေး အမျိုးသားအစောင့်တပ်ဖွဲ့ကိုထူထောင်သွားရန်စီစဉ်ထားကြောင်း အင်ဒိုနီးရှား အစိုးရက ကြာသပတေးနေ့၌ ပြောကြားသည်။

ထို့ပြင် အင်ဒိုနီးရှား အစိုးရသည် စုမားတြားကျွန်းကမ်းလွန်၌ ငလျင်ကြီး နှစ်ကြိမ်လှုပ်ခဲ့ပြီး နောက်ပိုင်း ငလျင် စောင့်ကြည့်လေ့လာရေးအထိ တိုးမြှင့်သွားရန်လည်းစီစဉ်ထားကြောင်း ကြာသပတေးနေ့၌ပြောကြားခဲ့သည်။

ငလျင်စောင့်ကြည့်လေ့လာရေးစခန်းများ ပိုမိုလာသဖြင့် ငလျင်လှုပ်မှုများကို ပိုမိုမြန်ဆန်စွာ တိတိကျကျ စုံစမ်းသိရှိနိုင်မည်ဟု အစိုးရကမျှော်လင့်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘုရားကျောင်း နှစ်(၁၀၀)ပြည့်ပွဲ ထိုင်း-လာအို ပူးတွဲကျင်းပမည်

နာခွန်နာယော မတ် ၃၀

ဝပ်ဝမ်တွမ်းဘုရားကျောင်းနှစ်(၁၀၀)ပြည့်ပွဲတော်ကို ထိုင်းနိုင်ငံ အလယ်ပိုင်း နာခွန်နာယော့ ပြည်နယ်၌ ရှေ့လထဲတွင် ထိုင်းနှင့် လာအိုနိုင်ငံတို့ ပူးတွဲကျင်းပကြသည့်အခါ လာအိုယဉ်ကျေးမှုကို အဆိုပါပြည်နယ်သို့ လာရောက်လည်ပတ်ကြသူများတွေ့မြင်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို ဧပြီလ၈ရက်မှ၁၆ရက်ထိ ခါအိုဖရာ၌ရှိသော ဘုရားကျောင်းတွင် ကျင်းပမည်ဖြစ်ရာ နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်စေပြီး ခရီးသွားလုပ်ငန်းကို တိုးတက်စေမည်ဖြစ်ကြောင်း ဒေသ ၈၊ ထိုင်းဗဟိုဒေသရုံး၏ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူး မစ်(ခ) ဘင်ဂျာဝမ်ဆူနက်ရီရာကွန်က ပြောကြားသည်။

ရောင်းချကြမည်

အဆိုပါဘုရားကျောင်းနှစ် (၁၀၀) ပြည့်ပွဲသို့ ထိုင်း၊လာအိုနှင့် တရုတ်နိုင်ငံတို့မှ ဘုန်းတော်ကြီးများလာရောက် ကြမည်ဖြစ်ပြီးထိုင်းနှင့်လာအို နှစ်နိုင်ငံစလုံးမှ ယဉ်ကျေးမှုအကအဖွဲ့များ တင်ဆက်ကပြကြမည့် ယဉ်ကျေးမှုအကများကို ကြည့်ရှုကြရမည် ဖြစ်သည်။ အခြားတင်ဆက်ပြသမည့် အစီအစဉ်များတွင် လဟာပြင်ရုပ်ရှင်ပြပွဲ၊ သီချင်းဆိုပြိုင်ပွဲ၊ ရိုးရာပြဇာတ်များနှင့် ဇာတ်မြူးများ ဖြစ်ကြပြီး ဒေသအစားအစာများနှင့် လက်မှုပစ္စည်းများကို ရောင်းချကြမည်ဖြစ်သည်။

(အင်တာနက်)

အာရပ်ယာဉ်မောင်းသုံးဦး အီရတ်၌သတ်ဖြတ်ခြင်းခံရ

ဒူဘိုင်း မတ် ၃၁

အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုတစ်စုသည် အာရပ်ယာဉ်မောင်း သုံးဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြပြီး သတ်ဖြတ်မှုများကို ရိုက်ကူးထားသည့် အင်တာနက် ဗီဒီယိုတိပ်ခွေအား အင်္ဂါနေ့၌ ပြသခဲ့သည်။

တိပ်ခွေထဲ၌ ဓားစာခံများက အမေရိကန်တပ်ဖွဲ့ဝင်များသို့ ကုန်စည်များ ပို့ဆောင်ပေးသည့် ဂျော်ဒန်ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်ကြောင်း ပြောဆိုခဲ့ကြသည်။

ထုတ်လွှင့်ခဲ့

နောက်ပိုင်းတွင် တိပ်ခွေ၌ သေနတ်သမားများက အဆိုပါယာဉ်မောင်း သုံးဦးကို သေနတ်ဖြင့်ထပ်ခါထပ်ခါ ပစ်သတ်ခဲ့သည်ကို ရိုက်ကူးပြသထားခဲ့သည်။ လူတိုင်းနောင်တရကြစေရန်နှင့် ၎င်းတို့၏ လုပ်ငန်းများကို ရပ်သိမ်းပြီး အီရတ်မှထွက်သွားကြရန် မိမိအကြံပြု တိုက်တွန်းကြောင်း ဓားစာခံတစ်ဦးက တိပ်ခွေထဲ၌ ပြောကြားထားပြီးတိပ်ခွေကို အစ္စလာမ္မစ်ဝက်ဘ်ဆိုက်က ထုတ်လွှင့်ခဲ့သည်။ **(အင်တာနက်)**

ဗီယက်နမ်နိုင်ငံမှ ရော်ဘာများ တရုတ်သို့ပိုမိုတင်ပို့ရောင်းချခဲ့

ဟန်နွိုင်း မတ် ၃၁

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ယခုနှစ်တွင် ရော်ဘာတင်ပို့ရောင်းချမှုမှ ဒေါ်လာသန်း ၄၈၀ ရရှိမည်ဖြစ်ရာ လွန်ခဲ့သည့်နှစ်က ရရှိခဲ့သည့် ဒေါ်လာ ၃၅၇သန်းထက် မြင့်တက်လာသည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ ရော်ဘာကို အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်သည်။

ကမ္ဘာ့ရော်ဘာဈေးများသည် နိုင်ငံတကာ ရော်ဘာပေးသွင်းမှု နည်းပါးခြင်းကြောင့်လည်းကောင်း၊ ယခုနှစ်၌ ခန့်မှန်းခြေ ရော်ဘာတန် ၃ ဒသမ ၅ သန်းကို တရုတ်နိုင်ငံက ဝယ်လိုအားမြင့်မည့် အခြေအနေရှိခြင်းကြောင့်လည်းကောင်း လာမည့်လများအတွင်း တစ်တန်လျှင် ဒေါ်လာ ၁၂၅၀-၁၃၂၀သို့ မြင့်တက်လာမည်ဟု ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့၌ ပြောကြားသည်။

မြင့်မား

ဗီယက်နမ်နိုင်ငံ၏ ရော်ဘာပို့ကုန်တန်ဖိုးသည် ယခုအခါ တစ်တန်လျှင် ဒေါ်လာ ၁၁၅၀ဖြင့် မြင့်မားမြဲရှိသည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမလေးလပတ်တွင် ကမ္ဘာ့ဈေးကွက်သို့ ဒေါ်လာသန်း ၁၂၀ဖိုးရှိ ရော်ဘာတန်ချိန် ၁၀၃၀၀၀တင်ပို့ရန် ခန့်မှန်းထားရာ တစ်နှစ်ထက်တစ်နှစ် ၂ ရာခိုင်နှုန်းတိုးလာသည့် အနေအထားဖြစ်ကြောင်း အထွေထွေစာရင်းအင်းဌာနက ပြောကြားသည်။

ရရှိခဲ့

ပြီးခဲ့သည့်နှစ်၌ ဗီယက်နမ်နိုင်ငံသည် ရော်ဘာတန် ၅၁၁၀၀၀ တင်ပို့ရောင်းချခဲ့ရပြီး ဒေါ်လာ ၅၉၇သန်းဝင်ငွေရရှိခဲ့သည်။ ယခုအခါ ဗီယက်နမ်နိုင်ငံသည် ရော်ဘာပင်စိုက်ဧက ၄၆၁၀၀၀ခန့်မှနေ၍ ရော်ဘာများကို ထုတ်ယူထားကြောင်း အထွေထွေစာရင်းအင်းဌာနက ပြောကြားသည်။

(အင်တာနက်)



နီပေါအလုပ်သမား ၅၀၀၀၀ မလေးရှား၌ အလုပ်လုပ်ရန် မလေးရှားကုမ္ပဏီများက အလုပ်ခေါ်စာများ ပေးပို့ထား

ခတ္တမန္ဒူ မတ် ၃၁

လာမည့်ခြောက်လအတွင်း မလေးရှားနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု ကဏ္ဍများတွင် အလုပ်လုပ်ကိုင်ရန်အတွက် နီပေါအလုပ်သမား ၅၀၀၀၀ကို မလေးရှား ကုမ္ပဏီများက အလုပ်ခေါ်စာများ ပေးပို့ထားကြောင်းသိရသည်။

အဆိုပါ အလုပ်ခေါ်ဆိုမှုများတွင် ဆေးရုံများနှင့် ကုန်တိုက်များ၌ အလုပ်လုပ်ကိုင်ရန်အတွက် အမျိုးသမီး အလုပ်သမား ၁၀၀၀၀ခန့်လည်းပါဝင်သည်ဟု နီပေါနိုင်ငံခြားအလုပ်အကိုင် အေဂျင်စီများအသင်းဥက္ကဋ္ဌ နာမာဂူရုန်းက ပြောကြားသည်။

တစ်နှစ်မှသုံးနှစ်

အလုပ်အကိုင် ခေါ်ဆိုမှုများသည် တစ်နှစ်မှ သုံးနှစ်အထိဖြစ်ပြီး နှစ်တိုးရှိသော လစာ တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၄၃ဒေါ်လာမှ ၂၈၆ ဒေါ်လာဖြစ်ကြောင်း ဂူရုန်းကပြောကြားသည်။

အလုပ်အကိုင်များကို ကုမ္ပဏီများက တိုက်ရိုက်ခေါ်ဆိုခြင်းဖြစ်သည့် အတွက်ကြောင့် လစာငွေများသည်တိုးမြှင့်လာနိုင်ကြောင်း ၎င်းကပြောဆိုသည်။ အကယ်၍ နီပေါအစိုးရက လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလွယ်ကူစေမည်ဆိုလျှင် နီပေါနိုင်ငံ၏ နိုင်ငံခြားအလုပ်အကိုင် အေဂျင်စီအသင်းသည် သုံးလအတွင်း နီပေါအလုပ်သမား ၃၀၀၀၀ခန့်ကို လွှတ်ပေးနိုင်ကြောင်း ၎င်းက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အပူပိုင်းမုန်တိုင်းများ တိုက်ခတ် လူ ၈၀ ထက်မနည်း သေဆုံးပြီး ၁၅၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်

ဒါကာ မတ် ၃၁

လွန်ခဲ့သောလေးရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အပူပိုင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အနည်းဆုံးလူ၈၀ထက် မနည်းသေဆုံးသွားကြောင်း ကြာသပတေးနေ့၌ တာဝန်ရှိသူများကပြောကြားသည်။

ပြိုကျ

အဆိုပါသေဆုံးသူအများစုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းနှင့် အနောက်ပိုင်းဒေသများမှ အိမ်များပြိုကျခြင်းနှင့် သစ်ပင်များလဲကျမှုတို့ကြောင့် ဖြစ်ကြောင်း၊ တချို့မှာ မိုးကြိုးပစ်ခံရခြင်း၊မုန်တိုင်းများရိုက်ခတ်ခြင်းနှင့် လှေသင်္ဘောများ နစ်မြုပ်မှုတို့ကြောင့်ဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်စီမံ ခန့်ခွဲရေးအရာရှိများက ပြောကြားသည်။

တိုက်ခတ်

မုန်တိုင်းများနေရာများစွာကို တိုက်ခတ်ခဲ့ပြီး နေ့စဉ် အပျက်အစီးဆုံးရှုံးမှု များရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဒါကာ၌ပြောကြားသည်။

ဒဏ်ရာရ

ယင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူပေါင်း ၁၀၀၀ ခန့်ဒဏ်ရာရရှိသွားပြီး ပြည်သူ ၁၅၀၀၀ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း အဆိုပါတာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တောင်ကိုရီးယားနိုင်ငံ ဆူဝမ်မြို့ရှိ ရုပ်မြင်သံကြားစက်ရုံ တစ်ရုံတွင် ဝန်ထမ်းများလုပ်ငန်းခွင်၌ တာဝန်ထမ်းဆောင်နေကြသည်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပစိဖိတ်အနောက်မြောက်ပိုင်းရှိ ခြောက်နိုင်ငံသို့ ဆူနာမီ သတိပေးအချက်အလက် ဂျပန်နိုင်ငံကထုတ်ပြန်ပေးမည်

တိုကျို မတ် ၃၁

ဂျပန်နိုင်ငံသည် ဆူနာမီသတိပေးအချက်အလက်ကို တနင်္လာနေ့မှစတင်ကာ ပစိဖိတ်အနောက်မြောက်ပိုင်းရှိ ခြောက်နိုင်ငံသို့ ပေးမည်ဟုဆိုသည်။ လူအများအပြားသေဆုံးခဲ့သော အိန္ဒိယသမုဒ္ဒရာ ဆူနာမီဒီလှိုင်းက ကြိုတင်သတိပေးစနစ်ရှိရန် အရေးကြီးကြောင်း မီးမောင်းထိုးဖော်ပြခဲ့ပြီးနောက် သုံးလအကြာ၌ ဂျပန်နိုင်ငံက သတိပေးအချက် အလက်ထုတ်ပြန်ပေးခြင်းဖြစ်သည်။

ပေးပို့မည်

ဂျပန်မိုးလေဝသဌာနက ငလျင်ကြောင့်ဖြစ်ပေါ်လာသော ဆူနာမီနှင့်ပတ်သက်သည့် သတင်းအချက်အလက်ကို ရုရှား၊ တောင်ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ပါပူဝါနယူးဂီနီနိုင်ငံများသို့ ပေးပို့မည်ဖြစ်သည်။

ပြောကြား

ငလျင်ပြင်းအား ၆ ဒသမ ၅ သို့မဟုတ် ထို့ထက်ပိုသော ငလျင်တစ်ခု ဂျပန်နိုင်ငံနှင့် ဖော်ပြပါနိုင်ငံများအနီး ပစိဖိတ်သမုဒ္ဒရာ၏ အနောက်မြောက်ဘက်၌ လှုပ်လျှင် ဂျပန်နိုင်ငံက ပေးမည်ဖြစ်သည်။ ဂျပန်နိုင်ငံက ပေးမည့် ဆူနာမီသတိပေးချက်သည် ဘေးအန္တရာယ်များကို တန်ပြန်ဆောင်ရွက်နိုင်မည့်ကိုးကားချက်တစ်ရပ်ကို ပေးမည်ဖြစ်ပြီး ဆူနာမီကြောင့် ပျက်စီးမှုလျော့စေမည်ဟု ဂျပန်မိုးလေဝသဌာန ငလျင်နှင့် ဆူနာမီလေ့လာရေးဌာနဒုတိယညွှန်ကြားရေးမှူးအာကီရာဂေးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဟောင်ကောင်မြို့ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကွန်ပျူတာတစ်လုံး၏ စက်ကိရိယာအစိတ်အပိုင်းများအလုပ်လုပ်ပုံကို သတင်းထောက်များအား မတ် ၃၁ရက်ကရှင်းလင်းပြသနေစဉ်။(ဓာတ်ပုံ-အင်တာနက်)

ဟောင်ကောင်၌ အလိုအလျောက် စစ်ဆေးဂိတ် ၁၈ခုဖွင့်

ဟောင်ကောင် မတ် ၃၁

ဟောင်ကောင် လိုဝုထွက်ခွာခန်းမကြီးရှိ စစ်ဆေးရေးဂိတ်၌ လူဝင်မှုကြီးကြပ်ရေး အလိုအလျောက် စစ်ဆေးရေးဂိတ် ၁၈ခုသည် လုပ်ငန်းများစတင် ဆောင်ရွက်ကာ အီစတာပွဲတော်ကာလအတွင်း ခရီးသွားများလွယ်ကူချောမွေ့စွာသွားလာနိုင်ရန် ထောက်ကူပေးမည် ဖြစ်ကြောင်း သိရသည်။

အီးချန်နယ်ဟုခေါ်သည့် အဆိုပါစစ်ဆေးရေးဂိတ်များသည် ဒီဇင်ဘာလက လိုဝုထွက်ခွာခန်းမကြီး၌ ပထမဆုံးဆောင်ရွက်ပေးခဲ့သည်။ မတ်၂၁ရက်ကတည်းက ဆိုက်ရောက်ခန်းမ၌ စစ်ဆေးရေးဂိတ် ကိုးခုမက ဖွင့်လှစ်ခဲ့ရာ ၁၈ ခုရှိလာပြီဖြစ်ကြောင်း၊ အဆိုပါအလို အလျောက် စစ်ဆေးရေးဂိတ်များကို နေ့စဉ် နံနက်၈နာရီမှ ည ၁၀နာရီအထိ ဖွင့်ထားမည်ဖြစ်ကြောင်း အစိုးရသတင်းစာတစ်စောင်တွင် ရေးသားဖော်ပြသည်။ ယခုအခါအသက်၁၁နှစ်နှင့် အထက်ရှိ ဟောင်ကောင် မှတ်ပုံတင်ကိုင်ဆောင်ထားသော နိုင်ငံသားများသည် အီးချန်နယ်ဖြင့် မိမိကိုယ်ကို စစ်ဆေးမှုများ ပြုလုပ်နိုင်ကြသည်ဟုဆိုသည်။ မတ် ၂၃ရက်အထိ လူပေါင်း ၆၈၀၀၀၀ သည် လိုဝု၌ အီးချန်နယ်ကို အသုံးပြုခဲ့ကြသည်။ ယင်းတို့သည် စကင်နာ၏ အလယ်ဗဟိုတွင် မိမိတို့၏ လက်မကိုနှိပ်ပြီး အီးချန်နယ်ကို ဖြတ်သန်းသွားနိုင်ကြပြီဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

2-4 (05).p65 1 3/24/05, 9:14 AM

ခရီးသည်တင်ယာဉ်များ၌ ကုန်ပစ္စည်းများတင်ဆောင်မှုမရှိစေရေးကြပ်မတ်ဆောင်ရွက် မဟာသင်္ကြန်ကာလ ယာဉ်မတော်တဆဖြစ်မှု မရှိစေရအောင်မောင်းနှင်ပြေးဆွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ လမ်းပန်းဆက်သွယ်ရေးညှိနှိုင်းစည်းဝေးပွဲ၌မှာကြား

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ အမှတ်(၂) စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကျော်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများနှင့် မော်ကွန်းထိန်းများ၊ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြည်သူများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများလျော့နည်းစေရေးနှင့် ပြည်သူများယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျလိုက်နာကြစေရေး ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများနှင့် မော်ကွန်းထိန်းများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေး ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်းပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်မော်တော်ယာဉ်များအား CNG သဘာဝဓာတ်ငွေ့သုံး ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကျော်က မော်တော်ယာဉ်လိုင်းများမှယာဉ်များကို CNG သဘာဝဓာတ်ငွေ့သုံးယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ငန်းများ လွယ်ကူအဆင်ပြေစေရေး ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်မှ မော်တော်ယာဉ်များကို ဈေးနှုန်းကြီးမြင့်သည့် ဓာတ်ဆီနှင့် ဒီဇယ်ဆီအစား CNG သဘာဝဓာတ်ငွေ့သုံးယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပေးလျက်ရှိရာ လုပ်ငန်းများ လွယ်ကူ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းဥက္ကဋ္ဌများ၊ ယာဉ်ပိုင်ရှင်များ ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ မော်တော်ယာဉ် လိုင်းများ အလိုက် လက်ရှိပြေးဆွဲလျက်ရှိသည့် ယာဉ်အရေအတွက် လျော့နည်းမှု မရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ခရီးသည်တင်ယာဉ်များ၌ ကုန်ပစ္စည်းများ တင်ဆောင်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းနှင့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများမရှိစေရအောင် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများအတိုင်း မောင်းနှင်ပြေးဆွဲကြရေးနှင့် ယာဉ်များ၏ စက်အစိတ်အပိုင်းများကို စနစ်တကျစစ်ဆေးစေပြီးမှသာ ပြေးဆွဲကြစေရေး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်မြို့ ရွှေဟောင်းသမိုင်းဝင် မပိုတစ်ထောင်ဗိုလ်တစ်ထောင် ရန်အောင်မြင်ဆုတောင်းပြည့်စေတီရွှေထီးတော်တင်လှူ

ရန်ကုန် ဧပြီ ၁

ပဲခူးတိုင်း(အနောက်)ပြည်မြို့ ဖိုးခေါင်ရပ်ရှိ ရွှေဟောင်းသမိုင်းဝင် မပိုတစ်ထောင် ဗိုလ်တစ်ထောင် ရန်အောင်မြင်ဆုတောင်းပြည့်စေတီတော်ရွှေထီးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲကို မတ် ၂၄ရက် နံနက် ၈ နာရီတွင် အဆိုပါစေတီတော်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝေပုလ္လရာမကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လအမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော် မူကြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (အနောက်ပိုင်းတိုင်းခွဲ) ဗိုလ်မှူးချုပ်လှမင်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီတော်ကြီး၏ ပရဝုဏ်အတွင်းတွင် ပက်ဖျန်းချည်နှောင်ပြီး ဗိုလ်မှူးချုပ်လှမင်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့်လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်း ကြသည်။ထို့နောက် ပဲခူးတိုင်း သံဃနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပင့်ဆောင်

ဆက်လက်၍ ဗိုလ်မှူးချုပ်လှမင်းနှင့် ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ကြကာ စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ပြီး မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။ ထို့နောက် တပ်မတော်(လေ)မြလေယာဉ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးနေ့ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁

မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနမဟာနာယက ရွှေတိဂုံ၊ ဗိုလ်တထောင်၊ မြို့ဦး၊ သာစုကန်စေတီတော် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ နိုင်ငံတော် ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဓမ္မသာရ ဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲနှင့် ဆရာတော်ကြီး၏ တပည့်များဖြစ်သော သာသနဓဇဓမ္မာစရိယဘွဲ့ရ အရှင်တေဇနေနှင့် ငယ်၊ လတ်၊ ကြီးစာအောင်သံဃာတော် အရှင်မြတ်များကို ဧပြီ ၅ရက် (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ဂုဏ်ပြုပွဲကျင်းပ ပူဇော်မည်ဖြစ်ရာ တပည့်ယောဂီများ တက်ရောက်ကြည်ညို ပူဇော်လှူဒါန်း နိုင်ကြောင်း သိရသည်။

(က-ပ)

သစ်တောရေးရာဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်ပါးလွှာစက်ရုံဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ရွှေပြည်သာ စက်မှုဇုန်(၃)ရှိ Bamaw Veneer Timber Products Co., Ltd. ၏ သစ်ပါးလွှာစက်ရုံဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ သစ်ပါးလွှာစက်ရုံကို ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးသန်းဆွေ၊ ဦးထွန်းထွန်းနှင့် ကုမ္ပဏီမှဒေါက်တာတင်အောင်လတ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က စက်ရုံကမ္ပည်း မော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို စက်ရုံအတွင်းပြုလုပ်ရာ တာဝန်ခံ ဦးအေးသိန်းက စက်ရုံတည်ထောင်ခဲ့မှုနှင့် စက်ပစ္စည်းများတပ်ဆင်ထားမှု အခြေအနေများကိုလည်းကောင်း၊ စက်ရုံမှထုတ်လုပ်မည့် သစ်ပါးလွှာများကို ပြည်ပသို့ တင်ပို့ရောင်းချသွားရန် စီစဉ် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် သစ်ပါးလွှာထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မတ် ၃၀ ရက်က လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

စားသောက်ဆိုင်သစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

ဘုရင့်နောင် Food Centre Restaurant & Hot Pot ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမအနီး ပါရမီလမ်းမရှိ အဆိုပါ ဆိုင်သစ်ရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး ဆိုင်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါဆိုင်သစ်၌ အရန်သင့်စားသောက်နိုင်သော အစားအစာများအဖြစ် ယူနန်အသားကင်၊ ဟော့ပေါ့နှင့်သစ်သီးဖျော်ရည်မျိုးစုံတို့ကို နေ့စဉ်နံနက် ၉ နာရီမှ ည ၁၁နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

နေ့အပူချိန်များသိသိသာသာတိုး နေရာကွက်၍လေပြင်းများတိုက်နိုင်

ရန်ကုန် ဧပြီ ၁

အနောက်တောင်မုတ်သုံလေ မကျရောက်မီကာလအတွင်း မြန်မာနိုင်ငံအရပ်ရပ်တို့တွင် နေ့အပူချိန်များသိသိသာသာ တိုးတက်လာမည်ဖြစ်ရာ မွန်းလွဲညနေပိုင်းတို့၌ အချို့နေရာများတွင် နေရာကွက်၍ လေပြင်းများ တိုက်ခတ်နိုင်သည်။ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ မိုင် ၅၀ အထိ ခေတ္တမျှ တိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးရွာခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိသင်တန်းဆင်းပွဲကျင်းပ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ ဖွင့်လှစ်ခဲ့သော လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိများသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အဆိုပါသိပ္ပံကျောင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီးနှင့် သင်တန်းကျောင်း၊ ဌာနငယ်များမှ ကျောင်းအုပ်များ၊ တာဝန်ခံများ၊ ဦးစီးအရာရှိ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက သင်တန်းဆင်းလက်မှတ်များအား အသီးသီးပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်သာမဏေဓမ္မဗိမာန် သမထဝိပဿနာတရားပွဲ

ရန်ကုန် ဧပြီ ၁

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး)နှင့်အဖွဲ့က ရွှေတိဂုံ ဘုရားအရှေ့မုခ် အာဇာနည်လမ်းရှိ ရှင်သာမဏေ ဓမ္မဗိမာန်တွင် ဧပြီ ၂ရက်မှ ၈ရက်အထိ ညနေ ၅ နာရီ မှ ၆နာရီခွဲအထိလည်းကောင်း၊ ဧပြီ ၉ရက်မှ ၁၁ရက်အထိ လမ်းမတော်မြို့နယ် ၉လမ်းရှိ သာသနပါလ ဆွမ်းလောင်းဓမ္မာရုံတွင် ညနေ ၆ နာရီခွဲမှ ည၈နာရီအထိလည်းကောင်း၊ သင်္ကြန် ခုနစ်ရက် တရားစခန်းကို အုံကြီးအရှေ့ရပ်ကွက်ရှိ ဓမ္မရသရိပ်သာကြီးတွင် ဧပြီ ၁၂ရက်ညနေမှ ၂၀ရက်နံနက်အထိ ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက်ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

၁၃၆၆/၁၃၆၇ခုနှစ် မဟာသင်္ကြန်အကျ-အကြတ်-အတက် နှစ်ဆန်းရက်များနှင့် မြန်မာ-ရခိုင် ဝါဆိုဝါကပ်လရက်များကြေညာ

ရန်ကုန် ဧပြီ ၁

ဇေယျတု မြန်မာသက္ကရာဇ် ၁၃၆၆ခု နှောင်းတန်ခူးလဆန်း ၆ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၆ခု တာကူးလဆန်း ၆ရက်၊ ခရစ်နှစ် ၂၀၀၅ ခုနှစ် ဧပြီ ၁၄ရက် (ကြာသပတေးနေ့) မြန်မာစံတော်ချိန် နံနက် ၂နာရီ ၂၅ မိနစ် ၁၀စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျသည်။

မြန်မာသက္ကရာဇ် ၁၃၆၆ခု နှောင်းတန်ခူးလဆန်း ၇ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၆ခု တာကူးလဆန်း ၇ရက်၊ ခရစ်နှစ် ၂၀၀၅ခုနှစ် ဧပြီ ၁၅ရက် (သောကြာနေ့)သည် မဟာသင်္ကြန်အကြတ်နေ့ ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၆ခု နှောင်းတန်ခူးလဆန်း ၈ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၆ခု တန်ခူးလဆန်း ၈ရက်၊ ခရစ်နှစ် ၂၀၀၅ခုနှစ် ဧပြီ ၁၆ရက် (စနေနေ့) မြန်မာစံတော်ချိန် နံနက် ၆နာရီ ၂၉မိနစ် ၅၁ စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

မြန်မာသက္ကရာဇ် ၁၃၆၇ခု ဦးတန်ခူးလဆန်း ၉ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၇ခု တာကူးလဆန်း ၉ရက်၊ ခရစ်နှစ် ၂၀၀၅ခုနှစ် ဧပြီ ၁၇ရက် (တနင်္ဂနွေနေ့)သည် မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်နေ့ဖြစ်သည်။

ဤ ၁၃၆၇ခုနှစ်တွင် မြန်မာဝါထပ်ရက်ငင်၊ ရခိုင်လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့မှာ မြန်မာသက္ကရာဇ် ၁၃၆၇ခု ဝါဆိုလပြည့်ကျော် ၁ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၇ခု ဝါဆိုလပြည့်ကျော် ၁ရက်၊ ခရစ်နှစ် ၂၀၀၅ခုနှစ် ဇူလိုင် ၂၁ရက် (ကြာသပတေးနေ့)တွင် ပုရိမပထမဝါကပ်ဆိုတော်မူကြ၍ ပစ္ဆိမဒုတိယဝါကို ၁၃၆၇ခု မြန်မာ-ရခိုင် ဝါခေါင်လပြည့်ကျော် ၁ရက်၊ ခရစ်နှစ် ၂၀၀၅ ခုနှစ် ဩဂုတ် ၂၀ရက် (စနေနေ့)တွင် ကပ်ဆိုတော်မူကြရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း၊ အသိပညာပေးဟောပြော

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၏ လုပ်ငန်းအဖွဲ့ခွဲများဖြစ်ကြသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ၊ အမျိုးသမီးငယ်၊ရွယ် လုပ်ငန်းအဖွဲ့ခွဲတို့နှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ တောင်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ တွံတေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မတ် ၂၈ ရက် နံနက် ၉နာရီတွင် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန(တွံတေး)သို့ သွားရောက်ပြီး အသိပညာပေးဟောပြောပွဲနှင့် သင်တန်းသူများအတွက် အလှူငွေနှင့် လိုအပ်သော ပစ္စည်းများ ပေးအပ်သည်။

အဆိုပါဟောပြောပွဲတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေးက အမျိုးသမီးများနှင့်စိတ်ကျန်းမာရေးအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါက်တာအေးမြတ်လွင်က HIV အကြောင်းသိကောင်းစရာကိုလည်းကောင်း၊ အမျိုးသမီးငယ်၊ရွယ် လုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော်က အမျိုးသမီးများရရှိပြီးသော ဥပဒေပြဋ္ဌာန်းချက်ဆိုင်ရာ အကြောင်းသိကောင်းစရာများကို လည်းကောင်း ဟောပြောခဲ့ကြသည်။

လှူဒါန်းခဲ့

ထို့နောက် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာနရှိ သင်တန်းသူများအတွက် အလှူငွေကျပ်တစ်သိန်းလေးသောင်းကိုးထောင်တစ်ရာခုနစ်ဆယ်တန်ဖိုးရှိ ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၆လမ်း အမှတ် ၂၆နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ကွယ်လွန်သူဖခင်ကြီး ဦးစိန်အောင်အား ရည်စူးပြီး ဒေါ်စောဝင်းမိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာမေဖလားဝါးဘဏ်နှင့် အာရှမနေဘဏ်တို့အားဘဏ်လုပ်ငန်းလိုင်စင်ပြန်လည်ရုပ်သိမ်း ယင်းဘဏ်များ၌အပ်နှံထားသောအပ်ငွေများကို ဧပြီ၄ရက်မှစ၍ ထုတ်ပေးသွားမည် နိုင်ငံတော်ဘဏ်များနှင့် အခြားပုဂ္ဂလိကဘဏ်များ၌ ဘဏ်လုပ်ငန်းများပုံမှန်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ၂၀၀၅ခုနှစ် ဧပြီလ၁ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။ အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၉၀ပြည့်နှစ် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ မြန်မာမေဖလားဝါးဘဏ်နှင့် အာရှမနေဘဏ်တို့အား ၁၉၉၄ခုနှစ်နှင့် ၁၉၉၅ခုနှစ်တို့တွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို အသီးသီးထုတ်ပေး၍ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

ပြန်လည်ရုပ်သိမ်းလိုက်

ယခုအခါ ယင်းဘဏ်နှစ်ဘဏ်တို့သည် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ၊ နည်း ဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၀၅ခုနှစ် မတ်လ၃၁ရက် နေ့မှစ၍ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်မပြုတော့ဘဲ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဧပြီ ၄ရက်မှစ၍ ထုတ်ပေးသွားမည်

ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရုပ်သိမ်းပြီးနောက် ယင်းဘဏ်နှစ်ဘဏ်နှင့် ၎င်းတို့၏ဘဏ်ခွဲများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အုပ်ချုပ်ရေးမှူးများ ခန့်အပ်တာဝန်ပေး၍ ယင်းဘဏ်နှစ်ဘဏ်နှင့် ဘဏ်ခွဲများတွင် အပ်နှံထားသောအပ်ငွေများ (Deposits)ကို တာဝန်ယူထုတ်ပေးသွားမည်ဖြစ်ပါသည်။ အပ်ငွေများ ပြန်လည်ထုတ်ပေးရာတွင် မိမိတို့အပ်နှံထားသော သက်ဆိုင်ရာဘဏ်များ၊ ဘဏ်ခွဲများတွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ငွေများပြန်လည်ထုတ်ပေးရာတွင် လွယ်ကူစွာနှင့် နှောင့်နှေးကြန့်ကြာမှုမရှိစေရန် မိမိအပ်နှံထားသောဘဏ်၊ ဘဏ်ခွဲများ၌ ဘဏ်စာရင်းနံပါတ်များ၊ ငွေထုတ်ယူရမည့်နေ့ရက်များကို ကြေညာထားရှိမည်ဖြစ်ပါသည်။ အပ်နှံငွေများကို ၂၀၀၅ခုနှစ် ဧပြီလ ၄ရက်(တနင်္လာနေ့)မှစ၍ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

အရေးယူဆောင်ရွက်သွားမည်

မြန်မာမေဖလားဝါးဘဏ်နှင့် အာရှမနေဘဏ်များမှ ချေးယူငွေ၊ အကြွေးဝယ်ကတ် ကြွေးကျန်ငွေနှင့် အခြားပေးရန် တာဝန်ရှိသူများသည် သက်ဆိုင်ရာဘဏ်၊ ဘဏ်ခွဲများတွင် အမြန်ဆက်သွယ်ပေးဆပ်ကြရန် ဖြစ်ပါသည်။ ချေးငွေများ၊ အကြွေးဝယ်ကတ် ကြွေးကျန်ငွေများနှင့် အခြားပေးရန် တာဝန်ရှိသူများသည် အချိန်မီ ပေးဆပ်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာမေဖလားဝါးဘဏ်နှင့် အာရှမနေဘဏ်တို့ကိုသာ မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ အထက်ပါအတိုင်း အရေးယူဆောင်ရွက်ခြင်းဖြစ်ပြီး ဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အခြားပုဂ္ဂလိကဘဏ်များနှင့် သက်ဆိုင်ခြင်းမရှိပါ။

နိုင်ငံတော်ဘဏ်များနှင့် အခြားပုဂ္ဂလိကဘဏ်များအနေဖြင့် ဘဏ်လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်နေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ ဧပြီလ ၁ရက်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရှေးခေတ်ဖာရိုးဘုရင်ရုပ်တု

အီဂျစ်နိုင်ငံ၏ ရှေးခေတ်ဘုရင်တစ်ပါးဖြစ်သော ဖာရိုးဘုရင်၏ ရုပ်တုတစ်ခုကို တွေ့ရစဉ်။ **(ယာပုံ)**

အဆိုပါ ရုပ်တုကို အီဂျစ်နိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးရှိ မနုဿဗေဒပြတိုက်တွင် ဘာလင်နှင့် မြူးနစ်ပြတိုက်များမှ ရှေးဟောင်းပစ္စည်းများနှင့်အတူ အများပြည်သူတို့အား ပြသထားရာ နှစ်ပေါင်း၄၀၀ အတွင်း ပထမဦးဆုံးအကြိမ်ပြသထားခြင်းဖြစ်ကြောင်းသိရသည်။ **(အေပီ)**

ရှေးခေတ်ဂူများ

အာဖဂန်နစ္စတန်နိုင်ငံတွင် တူးဖော်တွေ့ရှိရသည့် ရှေးခေတ်ဂူများကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါဂူများကို ကဘူးလ်မြို့၏ အနောက်မြောက်ဘက် မိုင်၂၆၀ အကွာရှိ ဘာမီယမ်မြို့တွင် တွေ့ရှိခြင်းဖြစ်ပြီး အချို့ဒေသခံများက လူနေအိမ်များအဖြစ် အသုံးပြုနေရန် ကြိုးစားခဲ့ကြကြောင်းသိရသည်။ **ရိုက်တာ။**

တရားစခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၁

သထုံမြို့ ပေါ်တော်မူကျေးရွာ အောင်စကြာတောရကျောင်း၌ ကျင်းပမည့် မဟာစည်ခုနစ်ရက်တရားစခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယ အရှင်နန္ဒာစရိယ(သာသနဓဇ ဓမ္မာစရိယ) အရှင်သူမြတ်သည် ဧပြီ ၄ရက်မှ ၁၆ရက်အထိ ဝိပဿနာတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့ခွဲ(၁၈၁)၌ (၅၁)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲကို ဧပြီ၇ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ရာ ဆရာတော် ဦးပညာဇောတ မိုးကုတ်ဓမ္မကထိက မဏိရတနာကျောင်း စမ်းချောင်းက သစ္စာတရား၊ ပဋိစ္စသမုပ္ပာဒ်တရားများ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

✡ ရှေ့ဖုံးမှ

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စခန်းရှိ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီရုံးခန်းသို့ ရောက်ရှိကြပြီး နေရပ်သို့ပြန်လည်ထွက်ခွာရန် စုစည်းရောက်ရှိနေကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ ကိုယ်စားလှယ်များ၏ သွားလာရေး၊ နေထိုင်စားသောက်ရေး ကိစ္စရပ်များကို မေးမြန်းကာ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၆နာရီခွဲတွင် နေရပ်သို့ ယနေ့ဒုတိယအသုတ်အဖြစ် ပြန်လည်ထွက်ခွာရန် ညောင်နှစ်ပင်စခန်းရှိ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီရုံးခန်းရှေ့၌ စုစည်းရောက်ရှိနေကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မိမိတို့၏ ဌာနေမိသားစုများထံ ပြန်ကြတော့မည့် ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် နံနက် ၆နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဓမ္မစေတီဆရာတော် တရားဟောကြားမည်

ရန်ကုန် ဧပြီ ၁

မင်းကွန်းတောင်ရိုး ဓမ္မစေတီကျောင်းတိုက် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရ(သာမဏေကျော် ဓမ္မာစရိယ ပါဠိပါရဂူ ဝိသိဋ္ဌဝိနယ အင်္ဂုတ္တရ နိကာယဝိဒူ ဝိသိဋ္ဌဝိနယဓရ ဝိနယဓာရ အဂ္ဂဓမ္မာစရိယ ဥဘတောဝိဘင်္ဂကောဝိဒ မလွန်ဓမ္မကထိက)သည် ဧပြီ ၂ရက်တွင် ဖားကန့်၊ ၃ရက်တွင် တနိုင်းမြို့၊ ၅ရက်မှ ၇ရက်အထိ တုမ္ဗဏီ၊ ၈ရက်၊ ၉ရက်များတွင် ရှင်ဗွေယန်၊ ၁၁ ရက်တွင် မင်းကွန်း၊ ၁၃ ရက်မှ ၁၆ ရက်အထိ မြဝတီ၊ ၁၈ရက်မှ ၁၉ ရက်အထိ ကျိုက္ခမီ၊ ၂၀ ရက်၊ ၂၁ ရက်များတွင် သထုံ၊ ၂၂ ရက်တွင် ကျိုက်ကော်၊ ၂၃ ရက်တွင် သိမ်ဆိပ်၊ ၂၄ရက်တွင် မုပွလင်၊ ၂၆ ရက်နှင့် ၂၇ ရက် များတွင် ဖျာပုံ၊ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ဘိုကလေး၊ ၃၀ ရက်တွင် မြင်းကကုန်းမြို့များတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ခေတ္တရပ်နားသဖြင့် မိမိတို့၏ ဌာနေနှင့် မိသားစုများထံ ပြန်ကြမည့် ညီလာခံ ကိုယ်စားလှယ်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ခေတ္တရပ်နားသဖြင့် မိမိတို့၏ ဌာနေနှင့် မိသားစုများထံ ပြန်ကြမည့် ညီလာခံ ကိုယ်စားလှယ်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးအထူးမွမ်းမံသင်တန်းဆင်း

ရန်ကုန် ဧပြီ ၁

ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

သင်တန်းတွင် ထူးချွန်သော သင်တန်းသား သင်တန်းသူများအား ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ဒုတိယဝန်ကြီးက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသားသင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေကျပ်သုံးသောင်းနှစ်ထောင်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော်အတွက် အလှူငွေကျပ်တစ်သိန်း၊ အမျိုးသားညီလာခံအတွက် အလှူငွေကျပ် နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဧပြီ ၁

(၁၉၅)ကြိမ်မြောက် ၅၀ ကျပ်တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

င-၈၂၃၈၈၁

ကျပ်သိန်း ၅၀ဆုများ

ဃ-	၉၈၁၁၈၁	ယ-	၉၁၆၅၀၈
လ-	၂၄၃၀၈၁	ဠ-	၅၆၀၇၂၁
ဖ-	၃၆၆၉၁၆	ဗ-	၉၇၂၈၇၁
င-	၁၂၈၀၉၅	ဂ-	၆၀၃၉၂၄
ဖ-	၂၀၀၄၇၅	ယ-	၃၇၄၆၃၆

ကျပ် ၂၅သိန်းဆုများ

ဝ-	၆၉၆၁၃၆	န-	၁၆၆၁၅၈
စ-	၅၄၂၄၉၆	ဂ-	၅၁၀၃၂၈
ကက-၇၄၀၆၀၅		စ-	၂၁၁၆၅၆
ဍ-	၁၂၄၅၂၁	သ-	၉၀၃၉၂၈
သ-	၆၂၆၄၆၂	ထ-	၂၂၇၉၆၂
တ-	၂၁၂၉၃၆	ဍ-	၁၆၂၅၅၉

ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)ဆုများ

ဖ-	၁၅၀၈၃၃	န-	၆၇၆၄၄၈
က-	၄၆၃၀၇၁	ည-	၆၈၄၉၄၀
ဗ-	၄၈၆၄၀၀	ယ-	၉၈၉၀၁၉
ကက-၄၈၅၂၀၉		ထ-	၄၀၀၈၄၂
ကက-၃၃၄၄၅၇		အ-	၉၀၀၉၈၈
ရ-	၈၄၂၉၆၁	ဒ-	၉၅၃၃၂၃
င-	၁၁၆၂၉၅	ပ-	၇၆၃၁၀၅
ဍ-	၆၈၃၁၀၂	၎-	၂၈၀၅၆၃
ကဂ-	၃၄၉၈၃၂	ည-	၅၂၁၄၅၉

ဖ-၁၇၆၈၄၉

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့တည်ဆောက်မှုစစ်ဆေး

ရန်ကုန် ဧပြီ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့တည်ဆောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ဖြည့်စွက်မှာကြား

ရှေးဦးစွာ ရှင်းလင်းဆောင်ရွက်လုပ်ငန်းတာဝန်ခံများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့တည်ဆောက်လျက်ရှိသည့် အစီအမံနှင့်ပြီးစီးမှု အခြေအနေများကို လေကြောင်းဓာတ်ပုံ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်းတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးများနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းရှိ ပြည်တွင်းပြည်ပခရီးသည်များ၏ ဝန်စည်ပစ္စည်းများအား X Ray's Machine ဖြင့် စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာနနှင့် လေကြောင်းပို့ဆောင်ရေးဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်မှု လုပ်ငန်းခွင်နှင့် အကောက်ခွန်ဦးစီးဌာန ကုန်လှောင်ရုံသစ် ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ဝန်ကြီးများက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဂုဏ်ရည်ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဧပြီ ၁

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက သာသနာ့တက္ကသိုလဓမ္မာစရိယ ဒေါက်တာအရှင်ကောဝိဒသည် ဧပြီ ၂ရက်နှင့် ၃ရက် ည၈နာရီတွင် သာကေတမြို့နယ် ၇ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ ဓမ္မသဘင်၊ ၅ရက်နှင့် ၆ရက်ည၇နာရီတွင် မိတ္ထီလာမြို့ ပန်းတင်းရွာ ဓမ္မသဘင်၊ ၁၃ရက်ည၇နာရီ၌ လှည်းကူးမြို့ စက်သုံးလုံးဝိပဿနာရိပ်သာဓမ္မသဘင်၊ ၁၄ရက်ည၇နာရီတွင် သန်လျင်မြို့ မဏ္ဍလာရာမ မဟာစည်ရိပ်သာဓမ္မသဘင်၊ ၁၅ရက်ညနေ၆နာရီ၌ သာကေတမြို့နယ် ကွေ့မ ဘုရားလေးကျောင်းဓမ္မသဘင်၊ ည၈နာရီတွင် သာကေတမြို့နယ် (၅)ရပ်ကွက် သီဂီ၃လမ်းတောင်ဓမ္မသဘင်၊၁၆ရက် မွန်းလွဲ ၁နာရီတွင် သာကေတမြို့နယ် ၁၀၈ တောင်စေတီတော်ရင်ပြင်ဓမ္မသဘင်၊ ည၈နာရီ၌ သာကေတမြို့နယ် ရန်ပြေ ၅လမ်း အရှေ့ဓမ္မသဘင်၊ ၁၇ ရက် ညနေ ၄နာရီ၌ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ စခန်းသိမ်းပွဲ၊ ၁၈ရက် ည၆နာရီ၌ ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ဗြဟ္မဝိဟာရလမ်း ဓမ္မသဘင်၊ ၂၀ရက် ည ၈နာရီတွင် သာကေတမြို့နယ် ၁၀ မြောက်ဓမ္မာရုံ နှစ်ဦးဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဟုသိရသည်။ **(က-ပ)**

၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်ရောက်ရှိနေသော ပြည်တွင်းပြည်ပရတနာကုန်သည်များ ကျောက်စိမ်းတွဲများလေ့လာနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ၁၂နိုင်ငံ၊ ကုမ္ပဏီ၂၇၇ခုမှ ရတနာကုန်သည်၇၉၂ ဦးနှင့် ပြည်တွင်းကုမ္ပဏီ၂၃၃ခုမှ နိုင်ငံသား ရတနာကုန်သည်၄၂၈ဦး စုစုပေါင်းရတနာကုန်သည်၁၂၂၀ဦးရောက်ရှိနေကြပြီဖြစ်သည်။

ယင်းသို့ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် တက်ရောက်လာကြသူများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကုမ္ပဏီ၂၂၀မှ ရတနာကုန်သည်၆၅၆ဦး၊ စင်ကာပူသမ္မတနိုင်ငံကုမ္ပဏီခုနစ်ခုမှ ရတနာကုန်သည် ၁၅ဦး၊ ထိုင်းနိုင်ငံကုမ္ပဏီ၃၃ခုမှ ရတနာကုန်သည်၉၁ဦး၊ အင်္ဂလန်နိုင်ငံကုမ္ပဏီနှစ်ခုမှရတနာကုန်သည်ငါးဦး၊ အမေရိကန်ပြည်ထောင်စု ကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည်လေးဦး၊ ဂျပန်နိုင်ငံကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည် လေးဦး၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ကနေဒါနိုင်ငံကုမ္ပဏီလေးခုမှ ရတနာကုန်သည်ခုနစ်ဦး၊ အိန္ဒိယသမ္မတနိုင်ငံကုမ္ပဏီသုံးခုမှ ရတနာကုန်သည်ခြောက်ဦး၊ ကိုရီးယားသမ္မတနိုင်ငံကုမ္ပဏီ တစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ဩစတြေးလျနိုင်ငံကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ဘယ်လ်ဂျီယံနိုင်ငံကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် တစ်ဦးတို့ ဖြစ်ကြသည်။

ဈေးပြိုင်ရောင်းချမည်

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ဧပြီ၂ရက်၊ ၃ရက်နှင့် ၄ရက် များတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ်(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ရောက်ရှိနေသော ပြည်တွင်းပြည်ပရတနာ ကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မိုးနဲမြို့နယ်အတွင်း သစ်ဆိမ့်ဆီ ကြိတ်ခွဲထုတ်လုပ်မှုနှင့် သစ်ဆိမ့်ပျိုးပွဲ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်း သစ်ဆိမ့်ဆီကြိတ်ခွဲထုတ်လုပ်မှုနှင့် သစ်ဆိမ့်ပင်ပျိုးပွဲကို မတ် ၂၄ရက် ညနေ ၄နာရီတွင် မိုးနဲမြို့ နယ်မြေခံတပ်၌ကျင်းပရာ အခမ်းအနားသို့ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ တပ်နယ်အတွင်းရှိ တပ်မတော်အရာရှိကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖူလုံပိုလျှံရေး

ရှေးဦးစွာ ဗိုလ်မှူးချုပ်သောင်းအေးက သစ်ဆိမ့်ဆီ ကြိတ်ခွဲထုတ်လုပ်မှုနှင့် စားသုံးဆီဖူလုံပိုလျှံရေးအတွက် သစ်ဆိမ့်ပင်စိုက်ပျိုးနိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး သက်နိုင်ဦးက သစ်ဆိမ့်ပင်စိုက်ပျိုးမှုနှင့် ဆီကြိတ်ခွဲထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

သစ်ဆိမ့်ပျိုးစေ့

ယင်းနောက်ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီးတို့က သစ်ဆိမ့်ပျိုးစေ့များကို မိုးနဲတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တပ်နယ်မိသားစုများသို့ အသီးသီး ပေးအပ်ကြသည်။

ပျိုးထောင်စိုက်ပျိုးပေး

ထို့နောက် တက်ရောက်လာကြသူများသည် သစ်ဆိမ့်ဆီလက်တွေ့ကြိတ်ခွဲထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးကြပြီး သစ်ဆိမ့်ပင်ပျိုးပွဲကို တပ်နယ်ပျိုးခြံ၌ကျင်းပရာ ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သစ်ဆိမ့်မျိုးစေ့ ၁၀၀၀၀၀ကျော်ကို တပျော်တပါး မျိုးစေ့ပျိုးထောင်စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၁-၄-၂၀၀၅

မကွေး	၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
ဘားအံ၊ မင်းဘူး	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

တောင်ပေါ်အပန်းဖြေစရာ သံတောင်မြို့သာယာ

မောင်ဘမေ (ဥသာ)

စာရေးသူ – ဟာ–ကိုကျော်စိုးတို့ လင်မယားပါ လား၊ စောမာတင်လဲ ပါလာတာကိုး။ လာကြပါ၊ လာကြပါ။

ကျော်စိုး – အေး–ဒို့ဆီကို မာတင် ရောက်လာပြီး မင်းနဲ့တွေ့ချင်တယ်ဆိုလို့ လာခဲ့ကြတာ။ မင်းကောအချိန်ရရဲ့လား။

စောမာတင် – မင်းတို့ သံတောင် တက်လာတုန်းက ငါမန္တလေးရောက်နေလို့ကွ။ တီဗွီထဲမှာ နိုင်ငံတော်အကြီးအကဲ ခရီးစဉ်သတင်း ပါလာမှ သိရတယ်။ မင်းနဲ့လဲ မတွေ့တာ ကြာနေတာရော တိုင်ပင်စရာ ရှိတာရော ကြောင့် ကိုကျော်စိုးတို့၊ နန်းမင်းတင့် တို့ကို လိုက်ပို့ခိုင်းရတာ။

နန်းမင်းတင့် – ဟုတ်တယ်ဟော့၊ မာတင်ကတော့ မော်လမြိုင်ကောလိပ်တုန်းက အတိုင်းပဲ။ ဒို့ကိုနှိပ်စက်ဖို့ဆို အချိန်မရွေးဘူး။ ကဲ– နင့်အိမ်ရောက်တုန်း ဘာကျွေးမှာလဲ။ လုပ်လေ။

စာရေးသူ – ကျွေးပါမယ်ဟာ၊ လောလောဆယ် လက်ဖက်ရည်နဲ့ မုန့်ပေါ့။ ပြီးတော့ ထမင်းစားပြီးမှ ပြန်ရမယ်။ ကဲ–သူငယ် ချင်း မာတင်၊ ဆို–ငါဘာလုပ်ပေးရမလဲ။

စောမာတင် – တိုင်ပင်ချင်လို့ရယ်၊ သိချင်တာ လေးတွေ ရှိလို့ကွ။ ဒီလိုပါကွာ၊ မင်းသိတဲ့အတိုင်း ငါက သံတောင်ကြီးသား မဟုတ်လား။ နိုင်ငံတော်က သံတောင်တောင်စခန်းမြို့ တည်ဆောက်ပေးတာ သိပ်ကိုကျေးဇူး တင်စရာ ကောင်းတာပဲကွာ။ ဒို့ငယ်ငယ် တုန်းကနဲ့တော့ တခြားစီပဲ။ အရင်တုန်း က တောင်ပေါ် တောရွာလေးတစ်ရွာက နေ နေ့ချင်းညချင်း လှပတဲ့ တောင်ပေါ်မြို့ တစ်မြို့ ဖြစ်လာပြီကွာ။ အခုဆိုရင် လမ်း တွေကလဲ ကတ္တရာလမ်း၊ ရေဆိုရင်လဲ တစ်မြို့လုံး ရေရအောင် ရေပေးရေးစနစ် တွေ၊ လျှပ်စစ်မီး၊ တယ်လီဖုန်းတွေနဲ့ ဆိုတော့ တကယ့်မြို့ကြီးနဲ့မခြား တစ်နေ့ တခြား စည်ကားလာနေတယ်လေကွာ။

စာရေးသူ – ဒါတင်ပဲလား။

စောမာတင် – ဒါတင်ဘယ်ဟုတ်ဦးမလဲ၊ ဒါ့ထက်တောင် ပိုသေး ဆိုသလိုပေါ့ကွာ။ အခုဆိုရင် Super Oneက ကုန်တိုက်ကြီးနဲ့ ကလေး ကစားကွင်းတွေ လာဖွင့်ပေးခဲ့သလို လုပ်ငန်းရှင်တွေကလဲ အပန်းဖြေစခန်း၊ ဟိုတယ်တွေ၊ ဘန်ဂလိုတွေ လာဆောက် ထားကြတယ်လေကွာ။ အခုလာတာလဲ အဲဒီကိစ္စပဲ သူငယ်ချင်း။

စာရေးသူ – ဟုတ်လား၊ ဆိုစမ်းပါဦး။

ကျော်စိုး – ဒီလိုကွ၊ ဒီကောင်က သံတောင်သားဆို တော့ သူ့မြို့မှာ သူများတွေကတောင် ဟိုတယ်တွေ၊ အပန်းဖြေနေရာတွေ လာတည်ဆောက်နေကြတော့ သူကလဲ ဒီလုပ်ငန်းကို ဒို့နဲ့ပေါင်းပြီးဖက်စပ် သဘော လုပ်ချင်တယ်တဲ့ကွာ။ငါတို့ကလဲ ခရီးသွားလုပ်ငန်း လုပ်နေတဲ့သူဆိုတော့ သံတောင် တောင်စခန်းမြို့ရဲ့ အလား အလာကို မြင်နေတယ်လေ။ ဒါကြောင့် အသေးစိတ်သိချင်လို့ တကယ်လက်တွေ့ တည်ဆောက်ပေးနေတဲ့ မင်းတို့နဲ့ လာတွေ့ရတာပေါ့ကွာ။

စာရေးသူ – ဆိုစမ်းပါဦးဗျ၊ ကျွန်တော်တောင် စိတ်ဝင် စားသွားပြီ။ ဘယ်လိုအလားအလာတွေ မြင်ရတာလဲ။ ခင်ဗျားတို့ခရီးသွားလုပ်ငန်း အတွေ့အကြုံနဲ့ ရှင်းပြစမ်းပါဦး၊ ပြီးမှ ခင်ဗျားတို့သိချင်တာ မေးပေါ့။

ကျော်စိုး – မင်းစဉ်းစားကြည့်လေကွာ၊ ဒို့နိုင်ငံမှာ အပန်းဖြေစခန်းတို့၊ အနားယူတဲ့ နေရာ တို့ဆိုတာ အများအားဖြင့် ပင်လယ်ကမ်း ခြေတွေကိုပဲအသွားများကြတယ်မဟုတ် လား။ငပလီတို့၊ ငွေဆောင်၊ ချောင်းသာတို့ မွန်ပြည်နယ်မှာဆို စက်စဲနဲ့ ထားဝယ် ဘက်မှာ မောင်းမကန်တို့ ပေါ့ကွာ။ ပင်လယ်ကမ်းခြေမှာ အပန်းဖြေရတာနဲ့၊ တောင်ပေါ်ဒေသမှာ အပန်းဖြေရတာ ခံစားရမှု မတူဘူးကွ။

နန်းမင်းတင့် – ဟုတ်တယ်ဟ၊ ငါလဲ ချောင်းသာ ခဏ ခဏ သွားဖူးတယ်။ ပင်လယ်ရေထဲ ဆင်းတယ်ဆိုတာ နှစ်ခါ၊ သုံးခါ လောက်ဆိုရင် စိတ်ထဲမှာ သိပ်မထူး တော့ဘူး။ ရိုးသွားပြီလို့ ထင်ရတယ်။ အဲ– တောင်ပေါ်မှာတော့ တစ်မျိုးပဲဟ။ ပြီးခဲ့တဲ့လက မာတင်ခေါ်လို့ ငါတို့ သံတောင်ကို ရောက်ခဲ့တယ်။ နင်တို့ ဆောက်ထားတဲ့ လေးပွင့်ကြယ်ဟိုတယ် ဘက် တက်ကြည့်တယ်။ တောင်အောက် ဘက်ကမြို့လေးကို ကြည့်နေတုန်း တိမ် တိုက်ကြီးတွေ အလိပ်လိုက်၊ အလိပ်လိုက် ငါတို့ကိုဖြတ်သွားတာ အသည်းထဲမှာ အေးအေးသွားတာပဲ။ မြို့ထဲက အိမ်လေး တွေ လမ်းလေးတွေလဲ ပေါ်လိုက်၊ ပျောက်လိုက်နဲ့ဟာ ခံစားရတာတစ်မျိုးပဲ။ ဘယ်လို ပြောမလဲဟာ၊ အဲဒီအချိန်မှာ ပင်ပန်း ထားတာတွေ၊ သောကတွေ တဒင်္ဂ ပျောက်သွားသလိုပဲ။

စောမာတင် – ဒါတောင် နင်တို့က ညဘက်မနေကြ သေးလို့၊ ညဘက်ဆိုရင် တောင်ငူမြို့က မီးတွေကိုလဲ မြင်ရတယ်။ တစ်ခါတစ်ခါ ရန်ကုန်–မန္တလေး အမြန်ရထားတွေ ဖြတ်သွားတာပါ မြင်ရတယ်ဟ။ အဲ– ညနေ နေဝင်ဆည်းဆာချိန်ဆိုရင် ပသိဆည်ကြီးနောက်က တောင်ငူမြို့ မြင်ကွင်းနဲ့ ဝင်တော့မယ့် နေလုံးကြီးက သိပ်ပနံရတာပဲ။

ကျော်စိုး – ဒါကြောင့် ငါပြောတာပေါ့၊ လူဆိုတာ တစ်ခုတည်းကိုချည်း ထပ်ခါထပ်ခါလုပ်ရ ရင် ငြီးငွေ့တတ်တဲ့ သဘောရှိတယ်။ ပင်လယ်ကမ်းခြေကိုပဲ သွားနေရတဲ့ လူ တွေဟာ အလှည့်အပြောင်းသဘောနဲ့ တောင် ပေါ်ကိုလဲ လာနားချင်ကြတယ်။ ဒို့ နိုင်ငံမှာ တောင်ပေါ်အပန်းဖြေစခန်း ဆိုလို့ ပြင်ဦးလွင်တို့၊ ကလောတို့ပဲ ရှိတယ် မဟုတ်လား။ ဒီနေရာတွေကလဲ မန္တလေး ဘက်မှာဆိုတော့ မြန်မာနိုင်ငံ အထက်ပိုင်းဘက်က လူတွေပဲ အချိန်တို အတွင်း သွားနိုင်တာ။ အောက်ဘက်က လူတွေဆိုရင် ရထားတစ်တန်၊ ကား တစ်တန်၊ လေယာဉ်တစ်တန်နဲ့ အချိန်ယူ ပြီးမှ သွားနိုင်ကြတာ မဟုတ်လား။ အခု သံတောင် တောင်စခန်းမြို့ဆိုရင် တောင်ငူ နဲ့ ၂၈မိုင်ပဲဝေးတော့ ရန်ကုန်က ဗြနာရီ လောက်နဲ့ သွားလို့ရတယ်။ ရုံးသူ ရုံးသားများ စနေသွား၊ တနင်္ဂနွေပြန် လို့ ရတယ်။ ဘယ်လောက် အဆင်ပြေ သလဲ။

စောမာတင် – ဒါကြောင့်လဲ သံတောင် တောင်စခန်း မြို့ဆိုတာ မြန်မာနိုင်ငံမှာ ပထမဆုံး ဖွင့်လှစ်ခဲ့တဲ့ တောင်စခန်းမြို့ပဲပေါ့။ ပြင်ဦး လွင်တို့၊ ကလောတို့ဆိုတာ နောက်မှ ဖွင့်ခဲ့တာ။ ရာသီဥတုအနေနဲ့လဲ ရန်ကုန် တို့၊တောင်ငူတို့မှာ ဘယ်လောက်ပဲပူပြင်း နေပါစေ၊ သံတောင်ကြီးဘက် တက်လာ တာနဲ့ တဖြည်းဖြည်း အေးမြလာပြီး ညဘက်ဆိုရင် အနွေးထည် ဝတ်ထားရ လောက်အောင်ကို အေးမြတယ်။ မြန်မာ ပြည်အောက်ပိုင်းက အပူရှောင်လိုသူတွေ အတွက် အသင့်တော်ဆုံးနေရာ တစ်ခု ပေါ့ကွာ။

စာရေးသူ – ကဲ–ခင်ဗျားတို့က မေးစရာရှိလို့ လာ တယ်လဲဆိုသေးရဲ့၊ ခင်ဗျားတို့ကချည်းပဲ တစ်ယောက်ပြီး တစ်ယောက် အတိုင် အဖောက် ညီညီနဲ့ ပြောသွားလိုက် ကြတာစုံလို့။ ကဲ– ကျွန်တော် ဘာလုပ် ပေးရမလဲ၊ ဘာမေးချင်သလဲပြော။

စောမာတင် – ဒီလိုကွ၊ ဒီလောက်အလားအလာ ကောင်း နေတဲ့ ငါတို့မြို့ရဲ့ တောင်ပေါ် အပန်း ဖြေစခန်းစီမံကိန်းမှာ ငါရယ်၊ ကိုကျော် စိုးတို့ရယ်ပေါင်းပြီး ဟိုတယ်တစ်ခု ဖွင့်ချင်တယ်ကွာ။ ငါတစ်ယောက်တည်း မတတ်နိုင်လို့ အတွေ့အကြုံရှိပြီး ငွေစိုက် ပေးနိုင်တဲ့ ကိုကျော်စိုးတို့နဲ့ တွဲလုပ် မလို့။ အဲဒါ– အသေးစိတ် သိချင်တာ လေးတွေ မင်းကိုမေးချင်လို့ လာခဲ့တာ။ မင်းကလဲ ဖြစ်မြောက်အောင် ကူညီရမယ် နော်။

စာရေးသူ – စိတ်ချ သူငယ်ချင်း။ တောင်စခန်းမြို့ စီမံကိန်းအတွက် ဆိုရင် လာလုပ်သမျှ လူအားလုံး စိတ်ချမ်းသာစေရမယ်။ လိုအပ်တာအားလုံး အဆင်ပြေအောင် ကူညီပေးမယ် စိတ်ချ။

ကျော်စိုး – ဒါဆို ငါတို့လုပ်ဖို့ အားရှိတာပေါ့ကွာ။ ဒါပေမယ့် မလုပ်ခင် သိချင်တာလေးတွေ ရှိသေးတယ်ကွ။ ငါက ခရီးသွားလုပ်ငန်း လုပ်နေတဲ့သူဆိုတော့ လိုအပ်တဲ့ Infra-structure တွေ ရှိရဲ့လား။ Infrastructure ပြည့်စုံကောင်းမွန်မှ ခရီးသွား တွေက လာချင်ကြတာကွ။

စာရေးသူ – Infrastructureကတော့ အပြည့်အစုံပဲ။ ပထမ လမ်းကိစ္စ ပြောပြမယ်။ သံတောင် ကြီး အတက်လမ်းက စောမာတင်တို့ ငယ်ငယ်ကလို လမ်းကျဉ်းကျဉ်း ချိုင့်တွေ၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မတ်၁၂ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်–တောင်စခန်းမြို့၏ သာယာလှပမှုကို ကြည့်ရှုစဉ်။ (အပေါ်ပုံ)နှင့် သံတောင်–တောင်စခန်းမြို့ကို တွေ့ရစဉ်။ (အောက်ပုံ)



နယ်စပ်ဒေသအိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၀)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃၈)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းတွင် အဆင့်မြင့်စက်ချုပ် သင်တန်းသူခြောက်ဦးနှင့် အခြေခံ စက်ချုပ်သင်တန်းသူ ၄၉ဦးတို့ တက်ရောက်အောင်မြင်သည်။

ကျိုင်းတုံ

ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်း မှုသက်မွေးလုပ်ငန်းပညာ သင်တန်း ကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၀)နှင့် အခြေခံစက်ချုပ် သင်တန်းအမှတ်စဉ်(၃၈) သင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် သင်တန်းကျောင်းခန်းမ ဆောင်၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြား သည်။

သင်တန်းတွင် အဆင့်မြင့်စက်ချုပ် သင်တန်းသူ ၁၄ဦးနှင့် အခြေခံ စက်ချုပ်သင်တန်းသူ ၂၁ဦးတို့ တက် ရောက်အောင်မြင်သည်။

မြိတ်

မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်း ကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၉)နှင့် အခြေခံစက်ချုပ် သင်တန်းအမှတ်စဉ်(၃၈) သင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် သင်တန်းကျောင်းခန်းမ ဆောင်၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်တက်ရောက်၍ သင်တန်း ဆင်းအမှာစကား ပြောကြားသည်။ သင်တန်းတွင် အဆင့်မြင့်စက်ချုပ် သင်တန်းသူ ခုနစ်ဦးနှင့် အခြေခံ စက်ချုပ် သင်တန်းသူ ၃၄ဦးတို့ တက်ရောက် အောင်မြင်သည်။

အလားတူ မူဆယ်၊ မိုင်းဆတ်၊ တာချီလိတ်၊ လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ ရေး၊ ကော့သောင်း၊ မောင်တောမြို့များရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်းများ၏ အဆင့်မြင့်စက်ချုပ် သင်တန်းနှင့် အခြေခံစက်ချုပ် သင်တန်း သင်တန်းဆင်းပွဲများနှင့် ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ မင်းတပ် အိမ်တွင်းမှုသင်တန်းကျောင်း များ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေး စက်ဆွဲသင်တန်း၊ အခြေခံရက်ကန်း သင်တန်းနှင့် ကနုကမာ၊ ကျောက်စီ ပန်းချီသင်တန်း သင်တန်းဆင်းပွဲများ၊ မတူပီ၊ တီးတိန်၊ ကန်ပက်လက် အိမ်တွင်းမှု သင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်းနှင့် သိုးမွေး စက်ဆွဲသင်တန်း သင်တန်းဆင်းပွဲများ၊ ဗန်းမော် အိမ်တွင်းမှုသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်း သင်တန်း ဆင်းပွဲများကို သက်ဆိုင်ရာသင်တန်း ကျောင်းအသီးသီး၌ ယနေ့နံနက် ပိုင်းတွင် ကျင်းပကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဖြူးမြို့ မဟာစည်ရိပ်သာ တရားစခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၁

ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တ နရပတိ(သာသနဓဇ ဓမ္မာစရိယ ဓမ္မ ကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာ စရိယ) ဖြူးဆရာတော်ကြီး ဦးစီး၍ တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝရ နှင့် ဓမ္မကထိက အရှင်သူမြတ်များက ဧပြီ ၉ရက်မှ ၂၃ရက်အထိ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ၁၅ရက် တိုင်တိုင် ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၀၅၄-၄၀၀၁၂သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရ သည်။ **(က-ပ)**

မြန်မာ့ယဉ်ကျေးမှုသကြင်္ကန်

* အမျိုးသားယဉ်ကျေးမှုကိုထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြင်္ကန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ - ထောင်တစ်နှစ်
၂။ ကစားသူ - ထောင်သုံးနှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ချောက်တွေနဲ့မဟုတ်တော့ဘူး။ နိုင်ငံတော် အစိုးရက သံတောင် မြို့သစ်ကစပြီး အတက်တစ်လမ်း၊ အဆင်းတစ်လမ်း ၁၈ပေအကျယ် ကတ္တရာလမ်းတွေ ခင်းပေးထားတာ၊ ကားလေးတွေ တစ်နာရီ ကျော်ကျော်ပဲ မောင်းရတယ်။ သံတောင် ကြီးမှာလဲ မြို့တွင်းလမ်းကို ကတ္တရာလမ်း၊ (၅)ရပ်ကွက်ဘက်သွားတဲ့ မြို့ပတ်လမ်းကို ကျောက်ချောလမ်း ခင်းထားပြီး နှစ်စဉ် ပြုပြင်ထိန်းသိမ်းရေး လုပ်ပေးနေတယ်။ ဟိုတယ်ဇုန် နှစ်ဇုန်ကို တက်တဲ့လမ်းတွေ ဆိုလဲ ကတ္တရာခင်းထားပေးပြီးပြီ။ မြေပြို နိုင်တဲ့နေရာတွေကို ကျောက်စီနံရံတွေလုပ် ထားတော့ လမ်းတွေက စိတ်ချရတာပေါ့။

စောမာတင် – ဟုတ်တယ်ကွ၊ လမ်းတွေကတော့ အပြံ စားပဲ။ ရေရရှိရေးကိုလဲ မြောက်ဘက် သူထူးချောင်းကနေ ပေ ၁၅၀၀လောက် ပိုမြင့်တဲ့ ဟိုတယ်ဇုန်ကုန်းတွေကို ရေတွန်း စက် အဆင့်ဆင့်နဲ့ တင်ပေးနေတာ တွေ့ရတယ်။ ဒို့အိမ်တွေဆို အရင်ကလို နွေရာသီမှာ ရေအတွက် မပူရတော့ဘူး။ အိမ်ရှေ့နားက အုတ်ရေကန်မှာ သွားခပ် လိုက်ရုံပဲ။ ဒါနဲ့ မင်းတို့က ရပ်ကွက်တွေ အတွက်ပဲ ရေရရှိအောင် လုပ်ပေးထား တာလား။ ဟိုတယ်တွေ အတွက်ရော ပါသေးလား။

စာရေးသူ – ပါပါတယ်၊ မြို့လူထုရဲ့ နောင်၁၀နှစ် မှာ ဖြစ်လာမယ့် လူဦးရေရယ်၊ ဟိုတယ်မှာ လာတည်းခိုမယ့် အပန်းဖြေသူတွေ အတွက်ပါ တွက်ချက်ပြီး တစ်နေ့ ရေ ဂါလန် တစ်သိန်းရအောင် စီမံ တည် ဆောက်ပေးထားတယ်။ ဇုန်(၁)နဲ့ (၂) ကုန်းတွေမှာ ဂါလန်နှစ်သောင်းဆံ့တဲ့ အုတ်ရေကန်တွေလုပ်ပြီး ဟိုတယ်တွေရော မြို့ကိုပါ ရေပေးနေတယ်လေ။

နန်းမင်းတင့် – လမ်းနဲ့ ရေရတာတော့ ဟုတ်ပါပြီ၊ လျှပ်စစ်မီးတို့၊ တယ်လီဖုန်းတို့ရော ရနေပြီလား။

စာရေးသူ – လျှပ်စစ်မီးက မြို့ထဲလမ်းတွေ၊ အိမ်တွေ အပြင် ဟိုတယ်ဇုန် တွေမှာပါ ရနေပါပြီ။ တယ်လီဖုန်းလဲ လိုင်း၁၀၀ပါတဲ့ အိတ်ချိန်း နဲ့ ဖုန်းတွေဆွဲပေးထားပါတယ်။ အလုံး ၆၀ကျော်လောက် သုံးနေပါပြီ။

စောမာတင် – ဟုတ်တယ်ကွ၊ လေးပွင့်ကြယ်ဟိုတယ်မှာ ဆိုရင် အခန်းတိုင်း ဂြိုဟ်တုစလောင်း၊ တယ်လီဖုန်း၊ ရေပူရေအေးစက်တွေနဲ့ တကယ့် ကြယ်လေးပွင့်အဆင့်လို့တောင် ပြောလို့ရတယ်။

ကျော်စိုး – ဒီလိုဆို ဒို့အလုပ်စလုပ်လို့ရပြီပေါ့ကွာ။ ဒါထက် နိုင်ငံခြား ခရီးသွားတွေရော ပြည်တွင်းအနားယူမယ့်သူတွေ အတွက်ပါ အခြားဆွဲဆောင်မှု ဘာတွေရှိသေးသလဲ။

စောမာတင် – အဓိကကတော့ လှပတဲ့ တောင်ပေါ်ရှုခင်း တွေနဲ့ အေးမြတဲ့ရာသီဥတု၊ သန့်ရှင်း လတ်ဆတ်တဲ့ လေတွေပေါ့ကွာ။ ဒါ့အပြင် သံတောင်ကြီးနဲ့ သိပ်မဝေးတဲ့ တောပြာ ကြီးတို့၊ မောင်နွံကြီးတို့မှာ ရေပူစမ်းတွေ ရှိတယ်။ ခြေကျင်လျှောက်ရင် နှစ်နာရီ၊ သုံးနာရီ ခရီးပဲရှိတယ်။ ကျန်းမာရေး အတွက် လမ်းလျှောက်ချင်သူတွေ၊ မြင်းစီးလိုသူတွေ၊ ရေပူစမ်း ရေချိုးချင် သူတွေအတွက် ဆွဲဆောင်မှု အကောင်းဆုံး နေရာတွေပေါ့။

စာရေးသူ – တောပြာကြီးက ထွက်တဲ့ ငှက်ပျောသီး ကလဲ ကမ္ဘာကျော်ခဲ့ဖူးတာ ထည့်ပြော ဦးလေ။

နန်းမင်းတင့် – ဒီအတိုင်းဆိုရင်တော့ အားရစရာပဲ၊ ငါက ကော့ကရိတ်သူဆိုတော့ ကရင်ပြည်နယ် ကို စိတ်ဝင်စားတယ်။ သံတောင်မှာ အခုလို ခရီးသွားလုပ်ငန်းတွေ လုပ်နိုင် လောက်အောင် လုံခြုံရေးရော ကောင်းရဲ့ လား။ ဒို့ငယ်ငယ်က ကြားနေရတာတော့ သိပ်မအေးချမ်းဘူးဆို။

စောမာတင် – ငါတို့ ငယ်ငယ်တုန်းကတော့ နင်ပြော သလို သိပ်မအေးချမ်းခဲ့ဘူး ပေါ့ကွာ။ ခုတော့ နယ်မြေဒေသ တည်ငြိမ်အေးချမ်း နေပါပြီ။ဒါကြောင့်လဲ ဖွံ့ဖြိုးတိုးတက် ရေးကို ခုလိုဇောက်ချလုပ်နိုင်ကြတာပေါ့။

ကျော်စိုး – အိုကေ၊ငါတော့ဆုံးဖြတ်လိုက်ပြီ။ စောမာ တင်နဲ့ပေါင်းပြီး သံတောင်တောင်စခန်းမြို့ မှာ အပန်းဖြေစခန်း တည်ဆောက်မယ်။ ရန်ကုန်မှာ လက်ရှိလုပ်နေတဲ့ ငါ့ရဲ့ခရီး သွား လုပ်ငန်းကို ချဲ့ထွင်မယ်။ အမြန်ဆုံး အလုပ်စမယ်။ ကိုင်း-သူငယ်ချင်း မင်း ငါတို့အတွက် အကောင်းဆုံး မြေနေရာ ရှာပေးပေတော့။

စာရေးသူ – စိတ်ချ သူငယ်ချင်း၊ မင်းတို့အတွက် အကွက်အကွင်း သိပ်လှတဲ့ မြေကွက်တွေ ကျန်သေးတယ်။ အခြားလုပ်ကိုင်မယ့် လုပ်ငန်းရှင်တွေလဲ ဖိတ်ခေါ်ခဲ့ဦး။ အားလုံး ကို အဆင်ပြေအောင် လုပ်ပေးမယ်။ ကဲ-အားလုံးပဲ ဆာနေကြရော့မယ်။ ထမင်းလဲ ပြင်ပြီးပြီ၊ ထမင်းစားကြ ရင်းနဲ့ မျိုးမြင့်လေးဆိုထားတဲ့ သံတောင် တောင်စခန်းမြို့ သီချင်းလေးကို နားထောင်လိုက်ကြပါဦး......။ **“မြွေလိမ် မြွေကောက် လမ်းကလေး အတိုင်းသာ..... ကားကလေးစီးကာ အမြန်လာပါ။ သံတောင်ကိုအဝင် ..... ကျောက်တုံးများ ဥယျာဉ်မှာ နွေးထွေးလှစွာ ကြိုနှင့် တော့မှာ ......”** ။ ။

ပိုစတာစိုက်ထူ

၂၀၀၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ပိုစတာစိုက်ထူပွဲကို မတ် ၂၅ရက်က မရမ်းကုန်းမြို့နယ် ကျန်းမာရေးဦးစီး ဌာနရှေ့၌ ကျင်းပ စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၀၅(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အရေးပြိုင်ပွဲ
၈း၀၀ ၆။ ကပ်တဲလ်ကြိုးတံတား
၈း၁၀ ၇။ တေးဂီတအစီအစဉ်
၈း၂၀ ၈။ ခါသင်္ကြန်အဆိုအကများ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၃၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ပန်းမေတ္တာ”** (အပိုင်း-၂၄)
၁၄း၀၅ ၆။ ကျေးပင်အက်ရေလှောင်တမံ
၁၄း၁၀ ၇။ **“ချစ်သောရေ ချစ်သောမြေ”** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၄း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄း၃၀ ၉။ ဘိုင်းဒါးဟင်းသီးဟင်းရွက် စိုက်ပျိုးရေးဇုန်
၁၄း၄၅ ၁၀။ International News
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၀ ၄။ တေးဂီတအစီအစဉ်
၁၆း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၀၅ ၆။ အတီးပြိုင်ပွဲ
၁၇း၁၅ ၇။ **“ချစ်လွန်းလို့”** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၇း၂၅ ၈။ တေးဂီတအစီအစဉ်
၁၇း၄၀ ၉။ ခါသင်္ကြန်အဆိုအကများ
၁၇း၅၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၁၅ ၁၁။ တေးဂီတအစီအစဉ်
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ Discovery
၁၉း၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ”** (အပိုင်း-၁၁)
၁၉း၄၀ ၁၆။ တေးဂီတအစီအစဉ်
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်သံသရာ”** (အပိုင်း-၃၀)
၂၁။ နောက်တစ်နေ့အစီအစဉ်

ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များမော်ကျွန်း၌ဖွင့်

မော်လမြိုင်ကျွန်း မတ် ၂၅

မော်လမြိုင်ကျွန်းမြို့နယ် ထီးဆိပ်ဘုရားစုကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာ ကုမုဒြာကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၀ရက် နံနက် ၁၁နာရီက မရမ်းချောင်းကျေးရွာ မူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများကို မော်လမြိုင်ကျွန်းမြို့နယ်တွင် မတ် ၂၀ရက်က ကျွန်းကလေးကျေးရွာအုပ်စု ကျုံလတာကျေးရွာ၊ ကျွန်းကြားကျေးရွာ၊ မတ် ၂၁ရက်က ခနဲ့ဆိပ်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ၊ ကုန်းစုကျေးရွာ၊ မရမ်းကျေးရွာအုပ်စု လောကခတ်ကျေးရွာ၊ ထိန်ကုန်းကျေးရွာ၊ ကြိုးခွေကျေးရွာနှင့် ကျီးပင်စုကျေးရွာများတွင် စာကြည့်တိုက်ဖွင့်ပွဲများကျင်းပခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ပယ်(၂၂)လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက်က အဆိုပါလမ်းမုခ်ဦးတွင်ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ကတ္တရာလမ်းသစ် ဖြစ်မြောက်ရေးကော်မတီနာယက ဦးထွန်းဆိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ပုသိမ်မြို့ကမ်းနားလမ်း အဆင့်မြှင့် ကွန်ကရစ်လမ်းခင်း ရောဝတီတိုင်း စည်ပင်သာယာညွှန်မှူး ကွင်းဆင်းစစ်ဆေး

ပုသိမ် မတ် ၈

ပုသိမ်မြို့ ကမ်းနားလမ်း အဆင့်မြှင့် ကွန်ကရစ်လမ်းခင်းဆောင်ရွက်မှုကို မတ်၈ရက် နံနက်၉နာရီက တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (အောက်ဝဲပုံ)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်သောင်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းညွှန်ကြားရေးမှူးက သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

အုတ်ဖို–တိမ်ညွန့် ယာဉ်လိုင်းသစ်ဖွင့်

အုတ်ဖို မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အုတ်ဖိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် အုတ်ဖို–တိမ်ညွန့် သုံးဘီးထော်လာဂျီယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၆ရက်နံနက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်မြနှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မြို့တွင်းလမ်းများ ကောင်းမွန်ရေး မြန်အောင်မြို့နယ်တွင် ဆောင်ရွက်

မြန်အောင် မတ် ၁၅

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများကောင်းမွန်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ မတ် ၈ရက်က ကြိတ္တန်းအနောက်လမ်းရှိ လမ်းပေါက်များ၊ ချိုင့်ခွက်များ ပြုပြင်ဖာထေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမိုးဟိန်းက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် စည်ပင်)

သနပ်ပင်-ဖရဲကျေးရွာ လူကူးတံတားဖွင့်ပွဲကျင်းပ

သနပ်ပင် မတ် ၃၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် သနပ်ပင်မြို့နယ် သနပ်ပင်–ဖရဲကျေးရွာ လူကူးတံတား ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက်နံနက်က အဆိုပါတံတားမုခ်ဦးရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ တံတားဆောက်လုပ်ရေး ကော်မတီဝင် ဦးအောင်ဇော်နှင့် ဦးထွန်းပွင့်တို့က လူကူးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် တံတားတည်ဆောက်မှု အခြေအနေများကို ဆောက်လုပ်ရေးကော်မတီဝင် ဦးဟန်ရွှေက ရှင်းလင်းပြောကြားကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

တောင်ကြီးမြို့၌ စုပေါင်းသန့်ရှင်း

တောင်ကြီး မတ် ၁၅

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်က မြို့မဈေးကြီးအတွင်း ရေမြောင်းများဖော်ထုတ်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေမြောင်းများ ဆေးကြောခြင်း လုပ်ငန်းများကို တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းနှင့် ဦးစီးအရာရှိ ဦးမြင့်ဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

တာလေမြို့တွင် မြေခင်းအလှပြုပြင်

တာလေ မတ် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာလေမြို့တွင် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရုံးဝင်းအတွင်း မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများ မတ် ၂ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဝင်းနိုင်က လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

လုံးချောနှင့် ထိုးသတ်မည့် ဝမ်ချိုင်း (မြို့တော်စည်ပင်)။ (မြန်မာ့အလင်း)



ဝမ်ချိုင်းနှင့် ထိုးသတ်မည့် လုံးချော (ရောဝတီ)။ (မြန်မာ့အလင်း)

စီးတီး အက်ဖ်အမ် အောင်လံဆုလုပွဲ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁

City FM အောင်လံဆု မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ဧပြီ၃ရက် မွန်းလွဲ ၃နာရီ၌ ကျင်းပမည်ဖြစ်သည်။

လေးချီပွဲများအဖြစ် သိုးကောင်း(မြန်မာပြည်သား)နှင့် ကြယ်ဖြူလေး(ကရင်ပြည်နယ်)၊ မင်းထွန်းလေး(တွံတေး)နှင့် သားစစ်နိုင်(မြန်မာပြည်သား)၊ ဟိန်းညီညီ (ရောဝတီ)နှင့် ရဲခေါင်(မန္တလေး)၊ သားချော(ရန်ကုန်)နှင့် မျှားလုလင်(တွံတေး)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ငါးချီစိန်ခေါ်ပွဲများအဖြစ် ဝမ်ချိုင်း(မြို့တော်စည်ပင်)နှင့် လုံးချော(ရောဝတီ)၊ နိုင်းဝမ်းလေး(မြို့တော်စည်ပင်)နှင့် အေးဘိုစိန်(လယ်/ဆည်)၊ ဒေါဂျစ်လေး (လယ်/ဆည်)နှင့် ဖော်ဖော်လေး(မြဝတီ)၊ စိန်သံမဏိ(ပဲခူးတိုင်း)နှင့် မျိုးဆက်သစ်(သစ်တော)၊ ညီညီဇော်(မန္တလေး)နှင့် ရန်ကြီးအောင်(တွံတေး)၊ သူရလင်းထွဋ်(ဒေးဒရဲ)နှင့် ဖိုးခွားလေး(ရန်ကုန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ရိုးရာလက်ဝှေ့ပွဲမစတင်မီ ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များက တေးဂီတဖြင့် ဖျော်ဖြေကြမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဘဏ္ဍာ/အခွန်က မြို့တော်စည်ပင်ကို ဂိုးပြတ်အနိုင်ရ ပြည်ထဲရေးနှင့်လယ်ယာထွက်ကုန် ဂိုးမရှိသရေကျ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက မြို့တော်စည်ပင်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပ မြို့နယ် ပဒေသာအားကစားကွင်း၌ ပြည်ထဲရေးအသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များ အပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ရှစ်ပွဲကစား ရှစ်ပွဲနိုင် (၂၄)မှတ်၊ မြို့တော်စည်ပင်အသင်းက ၁၁ ပွဲကစား ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး အမှတ် (၂၀)၊ လယ်ယာထွက်ကုန်အသင်းက ၁၁ ပွဲကစား ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး (၁၇)မှတ်၊ ပြည်ထဲရေးအသင်းက ၁၁ ပွဲကစား နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံး (၉)မှတ်ရရှိထားကြသည်။ ဘဏ္ဍာ/အခွန်အသင်းနှင့် သစ်တောရေးရာအသင်းတို့ (၂၄)မှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်အရ ဘဏ္ဍာ/အခွန်အသင်းက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ယနေ့ပွဲ

ဧပြီ ၂ ရက် **(ယနေ့)** ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ တံခွန်အသင်းနှင့် မလိခအသင်း၊ ပဒေသာအားကစားကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

တပ်မတော်ဘောလုံးနည်းပြများအား အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁

၂၀၀၅ခုနှစ် တတိယအကြိမ်မြောက် တပ်မတော်ဘောလုံး နည်းပြဆရာများအား အာစရိယပူဇော်ပွဲအခမ်းအနားကို ဧပြီ၁၀ရက် နံနက် ၈နာရီတွင် မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ တပ်မတော် ဘောလုံးသမားဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ လှူဒါန်းပူဇော်လိုသူများအနေဖြင့် ဗိုလ်မှူးစိုးမြင့်အောင် ဖုန်း-၀၉-၈၀၁၀၂၉၀၊ ဗိုလ်ကြီးကိုကိုဦး ဖုန်း-၆၂၅၂၀၀၊ အရာခံဗိုလ်ဝင်းမြင့် ဖုန်း-၆၃၅၆၃၈၊ အရာခံဗိုလ်အေးကြူ ဖုန်း-၆၃၅၁၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားအားကစား

အာဂျင်တီးနားတို့နိုင်ပွဲရပြီး တောင်အမေရိကဇုန်၌ ဦးဆောင်နေဆဲ ဘရာဇီးနှင့် ဥရုဂွေး၊ ပီရူးနှင့် အီကွေဒေါတို့ သရေပွဲများဖြစ်ခဲ့ကြ

ဗျူနိုအေရီ မတ် ၃၁

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် တောင်အမေရိကဇုန်အသင်းများ၏ ပွဲစဉ် ၁၃ ကို ဆက်လက်ကစားခဲ့ကြရာ အာဂျင်တီးနားက ကိုလံဘီယာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ပါရာဂွေးက ချီလီကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ကာ ပီရူးနှင့် အီကွေဒေါ၊ ဥရုဂွေးနှင့် ဘရာဇီးတို့ သရေပွဲများဖြစ်ခဲ့ကြသဖြင့် တောင်အမေရိကဇုန်တွင် အာဂျင်တီးနားတို့ ဒုတိယနေရာတွင် ရှိနေသော ဘရာဇီးနှင့် လေးမှတ်ပြတ်ကာ ထိပ်ဆုံးနေရာ၌ ဦးဆောင်နေဆဲပင်ရှိသည်။

အာဂျင်တီးနားနှင့် ကိုလံဘီယာ

တောင်အမေရိကဇုန်တွင် ခြေစွမ်းအတည်ငြိမ်ဆုံးအသင်းဖြစ်ပြီး ၂၀၀၆ ကမ္ဘာ့ဖလားကို ချိန်နေသော အာဂျင်တီးနားအသင်းသည် မိမိမြေပေါ်တွင် ကိုလံဘီယာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရန် ကြိုးစားကစားခဲ့ရသည်။

အာဂျင်တီးနားအသင်း ပထမပိုင်းတစ်ချိန်လုံး ကစားကွက်အသာဖြင့် ကစားနိုင်သော်လည်း ဂိုးမသွင်းနိုင်ဘဲရှိရာမှ ၄၁ မိနစ်တွင် ကိုလံဘီယာမှ ကွင်းလယ်ကစားသမား ဖာဘီယမ်နှစ်ဝါ တစ်နီထိပြီး ထွက်ခဲ့ရသဖြင့် ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။ ဒုတိယပိုင်း ၆၅မိနစ်တွင် အာဂျင်တီးနားမှ ဂွန်ဇာလက် အနီးကပ်ပေးလိုက်သည့် ဘောလုံးကို ကာလီရိုက ဖြတ်တင်ပေးလိုက်ရာ တိုက်စစ်မှူး ခရက်စ်ပိုက အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ယင်းဂိုးတစ်ဂိုးတည်းဖြင့်သာအာဂျင်တီးနားတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားသည် ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ၁၃ပွဲကစား (၂၈) မှတ်ဖြင့် တောင်အမေရိကဇုန်တွင် ထိပ်ဆုံး၌ ဦးဆောင်နေသည်။

ဥရုဂွေးနှင့်ဘရာဇီး

တောင်အမေရိကဇုန်တွင် ခြေစစ်ပွဲ လွတ်လွတ်ကျွတ်ကျွတ် အောင်ရန် ရုန်းကန်နေရသော ဥရုဂွေးသည် အိမ်ကွင်း၌ ဘရာဇီးနှင့် ပထမဆုံးသရေပွဲဖြစ်ခဲ့သည်။ အနိုင်ရမှ ဖြစ်မည်ဆိုသောစိတ်ဓာတ်ဖြင့် ကစားခဲ့သော ဥရုဂွေးအသင်းသည် ၄၈မိနစ်တွင် ဒီဂိုဖော်လန်က ၂၅ မီတာအကွာမှ အမှတ်မထင် ကန်သွင်းခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ယခုဂိုးသည် ဒီဂိုဖော်လန်အတွက် ၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် သူ၏ငါးဂိုးမြောက် သွင်းဂိုးဖြစ်သည်။ ဥရုဂွေး၏ သေချာပေါက် ဂိုးသွင်းချက်များကို ဘရာဇီးဂိုးသမား ဒီဒါ ကာကွယ်သွားနိုင်ခဲ့၍သာ ဘရာဇီးတို့ သက်သာခွင့်ရခဲ့ခြင်းလည်းဖြစ်သည်။

ထို့အပြင် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို၏ အဆုံးသတ်ညံ့ဖျင်းမှုများကြောင့်လည်း ဂိုးမရရှိဘဲရှိရာမှ ဒုတိယပိုင်း ၆၇ မိနစ်တွင် အီမာဆင်က တစ်ဂိုးသွင်းယူခဲ့၍သာ ဘရာဇီးတို့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။ ဘရာဇီးအသင်း ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရရှိသော်လည်း အခွင့်အရေးကို အပြည့်အဝ အသုံးမချ နိုင်ခဲ့၍သာ ယခုကဲ့သို့ သရေပွဲဖြစ်ခြင်းလည်း ဖြစ်သည်။

ဘရာဇီးအသင်းသည် အဝေးကွင်း၌ စတုတ္ထမြောက် သရေပွဲဖြစ်ခဲ့သော်လည်း ၁၃ပွဲကစား ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် (၂၄)မှတ်ရကာ တောင်အမေရိက ၁၀ သင်းတွင် ဒုတိယနေရာ၌ ဆက်လက်ရပ်တည်နေသော်လည်း ဥရုဂွေးမှာ ၁၃ ပွဲကစား (၁၆)မှတ်ဖြင့် ပဥ္စမနေရာတွင်ရှိနေသဖြင့် ခြေစစ်ပွဲအောင်ရန် ကြိုးစားရဦးမည်ဖြစ်သည်။

ပါရာဂွေးနှင့်ချီလီ

တောင်အမေရိကဇုန်တွင် ယခုကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အိမ်ကွင်း၌ လုံးဝရှုံးပွဲမရှိသေးသော ပါရာဂွေးသည် ချီလီအသင်းကိုအနိုင်ရရှိခဲ့သဖြင့် စတုတ္ထနေရာတွင် ခိုင်မာစွာရပ်တည်နိုင်ခဲ့သည်။ ပါရာဂွေးအသင်းသည် အိမ်ကွင်း၌ ခြေစွာလျက်ရှိရာ ချီလီအသင်းကို ပွဲချိန်အတော်များများ ဖိကစားထားနိုင်ခဲ့သည်။

အာဂျင်တီးနား၌ သွားရောက်ကစားနေသော ပါရာဂွေးကွင်းလယ်ကစားသမား ဂူစတာဗိုမိုရင်နီရိုက ၃၇ မိနစ်၌ အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၆၁ မိနစ်တွင် တိုက်စစ်မှူးကာဒိုဇိုက ချီလီနောက်တန်းကိုဖြတ်ကျော်ပြီး သွင်းယူခဲ့သဖြင့် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။ ၇၃မိနစ်တွင် ချီလီမှ လူးဝစ်ဖန်းတက်စ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ပါရာဂွေးတို့အနိုင်ရရှိခဲ့ရာ ပဥ္စမနေရာတွင်ရှိသော ဥရုဂွေးကို သုံးမှတ်ဖြတ်ထားနိုင်ခဲ့ပြီး ခြေစစ်ပွဲအောင်ရန် အခြေအနေကောင်းလျက်ရှိသည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် တောင်အမေရိကဇုန်အသင်းများဖြစ်သော ပါရာဂွေးနှင့် ချီလီတို့ပွဲစဉ်၌ ချီလီမှ လူးဝစ်ဖန်းတက်စ် (လယ်)**နှင့် ပါရာဂွေးမှ ကာဒိုဇို**(ဝဲ)**တို့ ဘောလုံးယှဉ်လုစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ပီရူးနှင့်အီကွေဒေါ

ခြေစစ်ပွဲအောင်ရန် မဖြစ်နိုင်တော့သည့် ပီရူးအသင်း၏အိမ်ကွင်းတွင် မာမာတင်းတင်း တုံ့ပြန်ကစားမှုကြောင့် အီကွေဒေါတို့ သရေပွဲဖြစ်အောင် မနည်းကြိုးစားခဲ့ရသည်။ ပွဲအစ တစ်မိနစ်မှာပင် ဂျာမနီနိုင်ငံ ဘေယန်မြူးနစ်၌ ကစားနေသည့် ဂူရီယာရိုက ပီဇာရိုပေးသည့် ဘောလုံးကို ကန်သွင်းယူခဲ့သဖြင့် စောစီးစွာ တစ်ဂိုးရရှိခဲ့သည်။ အီကွေဒေါတို့ ချေပဂိုးရရှိရေး ချက်ချင်းထိုးဖောက်စားရာမှ သုံးမိနစ်တွင် ဒီလာခရုဇ်က တစ်ဂိုး၊ ၄၅မိနစ်တွင် ဗလန်စီယာက တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ဦးဆောင်နေရာမှ ၅၈ မိနစ်တွင် ပီရူးမှ ဖာဖန်က ချေပဂိုး သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေပွဲဖြစ်ရခြင်းဖြစ်သည်။ ယခုပွဲ သရေကျခဲ့သော်လည်း ၁၃ ပွဲကစား (၁၄) မှတ်ရရှိပြီး အဆင့်ခုနစ်ရှိနေသော ပီရူးတို့ ခြေစစ်ပွဲအောင်ရန် ခက်ခဲပေသည်။ **(အင်တာနက်)**

မြန်မာဟော်ကီအဖွဲ့ မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁

(၄၂)ကြိမ်မြောက် AHF အာရှဟော်ကီအဖွဲ့ချုပ် ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက မြန်မာ့လေကြောင်းဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်ကိုယ်စား အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးနော်တောင်၊ အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်း၊ တွဲဖက်ပြည်ပရေးရာတာဝန်ခံ ဦးကျော်ငွေသိမ်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဂုဏ်ထူးဆောင်အမှုဆောင် ဦးစံတင်အောင် (ရွှေဘို)နှင့် ဦးမူဆာတို့လည်း လိုက်ပါသွားကြသည်။ **(ဝဲပုံ)**

(မြန်မာ့အလင်း)

နွေစပါးအထွက်နှုန်းရယူရန် မော်ကျွန်း၌ စံကွက်ရိတ်သိမ်း

မော်လမြိုင်ကျွန်း မတ် ၂၃

မော်လမြိုင်ကျွန်းမြို့နယ် လပွတ်ကွဲနံ့တန်းကျေးရွာအုပ်စု နံ့တန်းကျေးရွာမှ ဦးကြင်မောင်၏ နွေစပါးတစ်ဧကစံကွက်အထွက်နှုန်း ရယူရိတ်သိမ်းပွဲကို မတ် ၂၀ရက် နံနက်၁၀နာရီက နံ့တန်းကျေးရွာ၌ကျင်းပသည်။

အခမ်းအနားသို့ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြသောင်းနှင့် အဖွဲ့ဝင်များ၊ နွေစပါးစံကွက်ရိတ်သိမ်းရေးအဖွဲ့များက စံကွက်ရိတ်သိမ်းကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ နံ့တန်းကျေးရွာမှ ဦးကြင်မောင်၏ နွေစပါးစံကွက်တွင် တစ်ဧကလျှင် နွေစပါး အထွက်နှုန်း ၁၁၅ တင်း ထွက်ရှိကြောင်း သိရသည်။ **(ဝ၉၇)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်လျက်ရှိသော မြင်ကွန်းကျေးရွာ ကျောက်ချောလမ်း အဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်း မော် ရွှေ ကြည့်ရှုစစ်ဆေးရာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ရွှေနံ့သာစာကြည့်တိုက်ဖွင့်

ဘိုကလေး မတ် ၁၅

ဘိုကလေးမြို့နယ် ဝဲချောင်းကျေးရွာ ရွှေနံ့သာ စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးသန်းစိုးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်အေးအေးယုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်စောက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားကာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းစိုးက စာကြည့်တိုက်ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယု က ငွေကျပ် ၆၀၀၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၃၀၀၀ နှင့် ကောင်းမြတ်ဟိန်းက ငွေကျပ် ၂၀၀၀တို့ကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။**(မြို့နယ် ပြန်/ဆက်)**

ဖဲကြိုးဖြတ်ဖွင့်

တောင်တွင်းကြီးမြို့ မောင်းတိုင် (၂)ရပ်ကွက် လောကတက္ကသိုလ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးကံရှိမောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအေးဖေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကြာအင်းဆိပ်ကြီးမြို့၌ သီတာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကြာအင်းဆိပ်ကြီး မတ် ၂၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းဆောင်ရွက်သော အမှတ် ၄/၅ရပ်ကွက်၊ သီတာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ငြိမ်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစံလွင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည် ၁၈၇၆ပေ၊ အကျယ် ၁၂ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ်ရှစ်သိန်း၊ ကတ္တရာ ၃ ဒသမ ၇၁ တန်အတွက် ကျသင့်ငွေကျပ် ၉၂၇၅၀၀ စုစုပေါင်း ငွေကျပ်၁၇၂၇၅၀၀နှင့်ပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၃၀၄၁၁၀တို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

တံတားဦးမြို့နယ် ညောင်ကန်ကျေးရွာ၌ စက်ရေတွင်းဖွင့်

တံတားဦး မတ် ၂၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ညောင်ကန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ညောင်ကန်ကျေးရွာတွင် နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ရက် နံနက်၁၀နာရီက အဆိုပါစက်ရေတွင်းရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဇော်လင်းက စက်ရေတွင်း တူးဖော်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်၊ အမှုဆောင်အရာရှိ ဦးတင်ဇော်လင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးသန်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ဆက်လက်ဖွင့်

အလားတူ ကျစွာကျေးရွာနှင့် ကြပ်ပြင်ကျေးရွာတို့တွင်စက်ရေတွင်းများ ဆက်လက်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်ကြီးနားမြို့ စိမ်းလန်းစိုပြည်ရေး ပန်းအလှပင်များစိုက်ပျိုး

မြစ်ကြီးနား မတ် ၁၅

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ရွာများတွင် ရာသီမရွေး စိမ်းလန်းစိုပြည်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရပန်းအလှပင်၊ရာသီပန်းပင်နှင့်ရွှေ့ပြောင်းလွယ်သော ပန်းအိုးများ ပြုစုစိုက်ပျိုးထားရှိမှု အခြေအနေကို ဖေဖော်ဝါရီ ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မတ် ၅ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ မယ်ဆွမ်မြောက်ပိုင်းရပ်ကွက် တြိဂံပန်းခြံငယ်တွင် ပျားလိမ္မော် မြို့တော်အဖြစ် ပုံဖော်မှုနှင့် မြေယာရှုခင်း အလှပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

၁၉၇၂-၁၉၈၀ ဆေးတက္ကသိုလ်(၂)ရန်ကုန်ကျောင်းသား၊ကျောင်းသူများ၏

ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

သူငယ်ချင်းတို့-(၁၉၇၂-၁၉၈၀)အတွင်း ပညာသင်ခဲ့ကြတဲ့ တို့တတွေရဲ့ ကျေးဇူးရှင်ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့ကြမယ်။ မရောက် ရောက်အောင် ကြိုးစားပြီးလာခဲ့ကြပါ။ ကန်တော့ပွဲပြီးရင် တို့သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင် ပြန်ဆုံကြဖို့ ညစာစားပွဲလည်း စီစဉ်ထားတယ်။ အဲဒီ ညစာစားပွဲကိုလည်းမဖြစ်ဖြစ်အောင်တက်ကြပါ။

ဆရာကန်တော့ပွဲအစီအစဉ်
နေ့ရက်- ၉-၄-၂၀၀၅(စနေနေ့)
အချိန် -နံနက် (၈း၃၀)နာရီ
နေရာ -IBCနိုင်ငံတကာစီးပွားရေး အဆောက်အအုံ ၆မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။

ညစာစားပွဲအစီအစဉ်
နေ့ရက်- ၉-၄-၂၀၀၅(စနေနေ့)
အချိန် - ညနေ(၆း၀၀)နာရီမှည(၉း၀၀)နာရီ
နေရာ -IBC နိုင်ငံတကာ စီးပွားရေး အဆောက်အအုံ ၆မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။

" New Products Introduction "

- အဝတ်ပျော့ဆေး
- ဆန်ပိုးမတက်စေသောပစ္စည်း
- အကျီပိုးမကိုက်စေသောပစ္စည်း
- အခန်းတွင်းအနံ့ဆိုးပျောက်စေသောပစ္စည်း
- ရေခဲသေတ္တာတွင်းအနံ့ဆိုးပျောက်စေသောပစ္စည်း

နှင့် ခေတ်မီဆန်းသစ်လှပသော လူသုံးကုန်ပစ္စည်းများ

" ဒီအခွင့်အရေးကို မလွတ်သွားစေဖို့

SEIN GAY HAR SUPERMART { PYAY ROAD }

သို့ ကြွလှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ "

မွေးနေ့ဆုမွန်

၃၁-၃-၂၀၀၅

သားကြီး ကိုသော်မျိုးထက်၏ (၃၁)နှစ်ပြည့်မွေးနေ့၊ မြေးလေးသော်ဆက်မျိုး(ခ)ရွှေဥ၏ (၁၀၆)ရက်ပြည့်မွေးနေ့မှစ၍ အေးချမ်းသာယာမှုကို ခိုင်မြဲစွာ ဆုပ်ကိုင်နိုင်တဲ့ မိသားစုတစ်စု ဖြစ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ဘွားမေမေ - ဒေါ်သန်းသန်း
ဖေဖေ - ဦးသော်က (ပြည်နယ်အင်ဂျင်နီယာမှူးကြီး၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့)
မေမေ - ဒေါ်ခင်မျိုးတင့်(လက်ထောက်အင်ဂျင်နီယာ၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့)
ရွှေဥမေမေ - ဒေါ်အိအိမျိုး(Diamond Glory- Shop Yangon)။

သကြၤန်ကား

သင်္ကြန်ရေကစားရန်၊ ခရီးသွားရန် ကားမျိုးစုံငှားပေးနေပါပြီ၊ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။

09.80.22325,725317

ပေလီသင်္ကြန်

ပေလီ-ကမ်းသာယာ-ပြည်ဘုရားဖူး ဧပြီ(၁၂)ရက် ညထွက်မည် (၁၇)ရက်ပြန်ရောက်မည်။

ပန်းသဇင်စားသောက်ဆိုင်
၁၀၃/အနော်ရထာလမ်း၊
ကုန်ဈေးတန်းထိပ်
ဖုန်း-၂၄၃၇၆၀၊ ၁၈၀၅၂၇။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

အသစ်ထပ်မံဖွင့်လှစ်မည့် Bakery & Drink ဆိုင်အတွက် အလုပ်သင်အနေဖြင့် ခန့်ထားရန်-

(၁)	Manager (အသက် ၃၀ နှစ်အထက်) ဘွဲ့ရ	ကျား - ၁
(၂)	ကိတ်မုန့်ဆရာ (လုပ်ငန်းကျွမ်းကျင်မှုရှိရမည်)	ကျား - ၁
(၃)	Accountant ဘွဲ့ရ	မ - ၁
(၄)	Supervisor(အတွေ့အကြုံရှိသူဦးစားပေးမည်)ဘွဲ့ရ	ကျား/မ - ၂
(၅)	Sale (၁၀ တန်းအောင်)	မ - ၅
(၆)	Waiter (၁၀ တန်းအောင်)	ကျား - ၂
(၇)	သန့်ရှင်းရေး	မ - ၁

လျှောက်ထားသူသည် C.V အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းမိတ္တူနှင့်တကွ အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်နေ့မှ (၁ ပတ်)အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ အလုပ်သင်ကာလအတွင်း ကြိုးစား၍ ဆက်ဆံရေးကောင်းမွန်သော အရည်အချင်းပြည့်မီသူသာလျှင် ရာထူးခန့်အပ်ခြင်းခံရမည်။

ဆက်သွယ်ရန်။ ။ Dragon Family Bakery
အမှတ် (၉၈)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်
ရန်ကုန်မြို့။ ဖုန်း - ၅၁၄၃၀၃

LIVING COLOR

အမှတ် (၁၁၇)၊ ဧပြီလ၊ ၂၀၀၅ ခုနှစ်

Hip Hop စီးပွားရေး

(မျက်နှာဖုံးဆောင်းပါး)

- မြို့သစ်များအပါအဝင် ရန်ကုန်မြို့တော်အတွက် တစ်ရက်ရေဂါလန် ၁၃၅ သန်း ထပ်တိုးဖြန့်ဖြူးမည်၊
- အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ စက်ရုံအချို့ ပုဂ္ဂလိကပိုင် ပြုလုပ်ရာတွင် တိုင်းရင်းသားများအား ဦးစားပေးမည်၊
- မြန်မာအီဆူဇူးစက်ရုံ ဘယ်မောင်းမှ ညာမောင်းပြောင်းထုတ်၊
- မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် UNHCR တို့ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသ ကူညီထောက်ပံ့မှုလုပ်ငန်း ဆောင်ရွက်မည်၊
- နိုင်ငံကူးလက်မှတ်အတွက် ပညာရေးကင်းရှင်းကြောင်း နေ့ချင်းပြီးရနိုင်၊
- မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် JICA ပူးပေါင်း၍ ဆန်စပါးဆိုင်ရာ စစ်တမ်းကောက်ယူ၊
- e-Learning ပညာရေးစနစ် စတင်၊ နိုင်ငံတကာဘွဲ့များ ရယူနိုင်ရေး လမ်းပွင့်လာမည်

စသည့် သတင်းများ၊ ဆောင်းပါးများနှင့်အတူ......

ထွက်ပြီ

သင်္ကြန်အထူးအစီအစဉ်

၂၀၀၅ ခုနှစ် ဧပြီလထုတ် Living Color မဂ္ဂဇင်း စတင်ထွက်ရှိသည့် ဧပြီလ ၁ ရက်နေ့တွင် သင်္ကြန်အထူးအစီအစဉ်အဖြစ် တစ်အုပ်ဝယ်သူတိုင်း လက်ဆောင်တစ်အုပ် အခမဲ့ (Buy one get one free) ရရှိမည် ဖြစ်ပါသည်။ မိမိပုံမှန်ဝယ်ယူရာဆိုင်တိုင်းတွင် တောင်းယူနိုင်ပါသည်။

မင်းကြီးကြိုက်လုံချည်နှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

မင်းကြီးကြိုက်လုံချည်ကို ဝယ်ယူအားပေးကြသော မိဘပြည်သူများအနေဖြင့် ဝမ်းတွင်းမြို့ပြင်ရှိ စားသောက်ဆိုင်တစ်ဆိုင်မှ မှားယွင်းဝယ်ယူမိကြောင်း မကြာခဏကြားသိရပါသည်။ ထိုကဲ့သို့မဖြစ်စေရန်အတွက်-

၁။ မင်းကြီးကြိုက်လုံချည်သည် ဝမ်းတွင်းမြို့တွင် မည်သည့်စားသောက်ဆိုင်(သို့)စားသောက်ဆိုင်နှင့်တွဲလျက် လုံချည်ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မရှိပါ။

၂။ မင်းကြီးကြိုက်လုံချည်သည် ဝမ်းတွင်းမြို့ရှိ မည်သူ့ကိုမျှ ကိုယ်စားလှယ်ပေးထားခြင်း၊ မင်းကြီးကြိုက်အမည်အား အသုံးပြုခွင့်ပေးထားခြင်း မရှိပါ။

၃။ မင်းကြီးကြိုက်လုံချည်တိုင်းကို စက္ကူကပ်တံဆိပ်၊ ချုပ်ရိုး၊အသားတံဆိပ်မပါရှိဘဲ လုံးဝမရောင်းချပါ။ (ဝမ်းတွင်းမြို့တွင်လည်း မရောင်းချပါ။)

၄။ မင်းကြီးကြိုက်လုံချည်သည် ၂/၈၀ချည်ချော ပလေကပ်၊ ဂန့်ဂေါ်၊ ချည်ချောလုံချည်အမျိုးမျိုးနှင့် ပိုးတွဲအစစ်များကိုသာ သီးသန့်ဖြန့်ချိရောင်းချလျက်ရှိပြီး (၁/၄၀လုံချည်၊ ဖဲတွဲနှင့် အမျိုးသမီးဝတ်လုံချည်များ ဖြန့်ချိရောင်းချခြင်း မရှိပါ။)

လုပ်ငန်းသဘောအရ ဝမ်းတွင်းမြို့နှင့် ပတ်သက်ဆက်စပ်ခြင်း လုံးဝမရှိပါကြောင်း မင်းကြီးကြိုက်လုံချည်ကို ဝယ်ယူအားပေးကြသော မိဘပြည်သူများအား လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

အစဉ်သဖြင့်ကျေးဇူးတင်လျက်
ကိုမိုးဇော်-မနုနုယဉ်(မဝါ) မင်းကြီးကြိုက်လုံချည်
ဆိုင်ဖုန်း-၀၂-၃၆၉၀၉(လိုင်းခွဲ-၃၄၇၇) အမှတ် (၇၆၊၇၈)၊ သရဖီ (စီ)ရုံ
အိမ်ဖုန်း-၀၂-၃၂၃၀၁၊ ၀၂-၃၅၈၄၂ မြေညီထပ်၊ အဆင့်မြင့်ဈေးချို
၀၉-၂၀၀ ၂၀၁၀၊ ၀၉-၉၀ ၆၀၇၉၁
မန္တလေးမြို့။

မဟာသရဏဂုဏ်တော်ကြီး လက်တွေ့ကျင့်စဉ်သင်တန်း

ရန်ကုန် ဧပြီ ၁

သဃ်န်းကျွန်းမြို့နယ် ဘဝမြင့်ရပ်ကွက် မလိခအိမ်ရာရှိ မလိခဓမ္မာရုံကြီးတွင် မဟာသရဏ ဂုဏ်တော်ကြီးလက်တွေ့ကျင့်စဉ်သင်တန်းနှင့် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ခန္ဓာတင်၍ အကာလိကော ဂုဏ်တော်နှင့်အညီ ကျင့်ကြံပွားများနိုင်ရန် ဆရာကြီးဦးစိုးမြင့်က ဧပြီ၃ရက်မှစ၍ နံနက်၉နာရီမှ ၁၀နာရီခွဲအထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်းပို့ချပေးသွားမည်ဖြစ်ရာ တရားလက်တွေ့ ကျင့်ကြံလိုသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မန်းရွှေစက်တော်ဘုရားပွဲ စည်ကားစွာကျင်းပ

ရန်ကုန် ဧပြီ ၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော မကွေးတိုင်း မင်းဘူးခရိုင် မင်းဘူးစကုမြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲတော်ကို (၁၃၆၆ ခုနှစ် တပို့တွဲလဆန်း၅ရက်) ဖေဖော်ဝါရီ၁၃ရက်က ခြေတော်ရာဖွင့်ပွဲကို စည်ကားစွာကျင်းပခဲ့ရာ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ပွဲတော်ကို (၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့) ဧပြီ၁၇ ရက်အထိကျင်းပမည်ဟုသိရသည်။ **(၄၀၇)**

မအူပင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ရက်က ထရော်ပေကုန်း ကျေးရွာအုပ်စုတွင် ကျင်းပရာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ဦးစီးမှူးဦးအောင်စိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြောင်းမြ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူမည်

မြောင်းမြ မတ် ၂၅

ဧရာဝတီတိုင်း မြောင်းမြမြို့နယ်တွင်အကြိမ်(၇၀)မြောက် မြို့နယ်လုံးဆိုင်ရာ မဟာသံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပနိုင်ရေး အစည်းအဝေးကို မတ် ၃ရက်က မြောင်းမြမြို့ မဟိယင်္ဂဏစေတီ အာရုံခံတန်ဆောင်းတော်ကြီး၌ ကျင်းပသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ ဝတ္ထုပစ္စည်းများ ပေးအပ်လှူဒါန်းလိုပါက ဦးတင်လှ သံဃာ့ဒါန နာယကဖုန်း- ၀၄၂-၇၀၄၂၈၊ ဦးဝင်းဆွေဖုန်း-၀၄၂-၇၀၂၅၉နှင့် ဦးလှအေး ၀၄၂- ၇၀၃၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၈၈)**

မှော်ဘီမြို့နယ် မြို့မဈေးနှင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းအဖြစ် မှော်ဘီမြို့မဈေးအတွင်း မီးကြိုးသွယ်တန်းမှု စစ်ဆေးခြင်းနှင့် မီးသုံးစွဲမှုကို ဖေဖော်ဝါရီ ၂၈ရက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသာဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးဦးငွေထွန်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

၄-၄-၂၀၀၅ (တနင်္လာနေ့)
- ❑ Isostasy, Continental Drift and Plate
  - တတိယနှစ်၊ နောက်ဆုံးနှစ်၊ ဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့ကြို သင်တန်း
- ❑ လီဒိုလမ်း၏ အတိတ်နှင့် အနာဂတ်မျှော်လင့်ချက်များ
  - ပါရဂူဘွဲ့သင်တန်းများ

၅-၄-၂၀၀၅ (အင်္ဂါနေ့)
- ❑ An Introduction to Philosophy of Religion
  - ယင်းဘာသာရပ်၏ အခြေခံအချက်များကို စိတ်ဝင်စားသူများ
- ❑ Client Centered Psychotherapy
  - မဟာဝိဇ္ဇာတန်းနှင့် စိတ်ပညာ၊ မဟာသိပ္ပံ၊ (စိတ်ကျန်းမာပညာ) သင်တန်းများ

၆-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)
- ❑ The Nature and Scope of the Law
  - ဥပဒေပထမနှစ်မှ နောက်ဆုံးနှစ်
- ❑ Myanmar Agenda 21 and Myanmar-United Nations Co-operation in Environmental Rehabilitation in the Dry Zone
  - မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းများ

၇-၄-၂၀၀၅ (ကြာသပတေးနေ့)
- ❑ ပုဂံခေတ်ကျောက်စာ အဆောက်အအုံ (၅)ခုအနက် "နန်းဘုရား"အကြောင်း
  - ရှေးဟောင်းသုတေသနပညာ အထူးပြုနှင့် စိတ်ဝင်စားသူများ
- ❑ Some Well-known Name Reactions For Organic Synthesis
  - မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းများ

၈-၄-၂၀၀၅ (သောကြာနေ့)
- ❑ Elemental Analysis using EDXRF
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြို သင်တန်းများ
- ❑ Computer Aided Teaching For Nuclear Physics
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြို သင်တန်းများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၉-၄-၂၀၀၅ (စနေနေ့)
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

၁၀-၄-၂၀၀၅ (တနင်္ဂနွေနေ့)
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်းပြည်ပရတနာကုန်သည် ၁၂၂၀ ရောက်ရှိ

ရန်ကုန် ဧပြီ ၁

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့ညနေ ၄ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဆပ်ကော်မတီအသီးသီးမှ အတွင်းရေးမှူးများက ကြိုဆိုကြသည်။

ကူညီပံ့ပိုးပေး

ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် မြန်မာ့ကျောက်မျက်ရတနာခန်းမမြေညီထပ်၏ဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ကြည့်ရှုလေ့လာနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာလိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ကျောက်မျက်ရတနာခန်းမ၊ ဈေးပြိုင်ခန်းမ၌ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးထဲသို့ ထည့်သွင်းနေမှုကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●



ယူရို ၉၈၀၀၀၀ တန် ကျောက်စိမ်းတုံး

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသော ဖားကန့်မြို့နယ် ကရင်ချောင်းဒေသမှ ထွက်ရှိသည့် အလေးချိန် ၁၈၃ ဒသမ ၅၀ ကီလိုဂရမ်ရှိပြီး အခြေခံတန်ဖိုးငွေ ယူရို ၉၈၀၀၀၀ တန် ကျောက်စိမ်းတုံးကို တွေ့ရစဉ်။

(မြန်မာ့အလင်း)

ယူရို ၁၅၉၀၀ တန် ရွှေရောင်ပုလဲတွဲ

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသော ပုလဲကျွန်းမှ ထွက်ရှိသည့် အခြေခံတန်ဖိုးငွေ ယူရို ၁၅၉၀၀ တန် ရွှေရောင်ပုလဲတွဲကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

မြန်မာ့ဂုဏ်ဆောင်အလင်းရောင် စာကြည့်တိုက် ညောင်လေးပင်မြို့နယ် သံတံတားစံပြရွာ၌ဖွင့်လှစ်

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

ညောင်လေးပင် ဧပြီ ၁

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် သံတံတားစံပြကျေးရွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ကျန်းမာရေးဆေးခန်း၊ အရန်မီးသတ်တပ်ဖွဲ့နှင့်ကိုယ့်အားကိုယ်ကိုး မြန်မာ့ဂုဏ်ဆောင်အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၁၀နာရီက အဆိုပါအဆောက်အအုံများ ရှေ့၌ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဦး၊ အဖွဲ့ဝင်(၂) ဦးမြင့်သောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းဆွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်မေအေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးသိန်းမြင့်နှင့်ကျေးရွာ ဥက္ကဋ္ဌဦးစိန်သန်းတို့က တက်ရောက်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော သုတ၊ ရသစာပေ မဂ္ဂဇင်း စာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂)မှ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

2-4 (20).p65 1 3/24/05, 9:15 AM